# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၄၇)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ၈-၈-၂၀၂၄၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသတွင်း လုံခြုံရေး တည်ဆောက်ရာတွင်လည်း အာဆီယံ၏ အရေးပါသည့် အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့အားလုံး အတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ
(၅၇) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ
( ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ (၅၇) နှစ်ပြည့်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပြီး ဤနေ့ထူးနေ့မြတ် အခါသမယတွင် မြန်မာနိုင်ငံပြည်သူများနှင့် အာဆီယံပြည်သူများ အားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့လျက် နှုတ်ခွန်းဆက်သအပ်ပါသည်။ အစဉ်အမြဲ ပြောင်းလဲနေသော ကမ္ဘာ့ရေးရာဖြစ်ပေါ်တိုးတက်မှုများအကြား အာဆီယံအသင်းကြီး ပိုမိုခိုင်မာတိုးတက်အောင်မြင်ပါစေကြောင်းနှင့် အာဆီယံပြည်သူများ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သာယာဝပြောကြပါစေကြောင်းလည်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါသည်။

အာဆီယံအသင်းကြီးကို ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် စတင်တည်ထောင်သူ ဗိသုကာကြီး (၅)ဦး၏ ဉာဏ်အမြော်အမြင်ကြီးမားစွာဖြင့် ဖွဲ့စည်းခဲ့ပြီး၊ အာဆီယံအသင်းကြီးသည် အဖွဲ့အစည်းတစ်ခုမှ အသိုက်အဝန်းတစ်ရပ်ဆီ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှ ပေါင်းစည်းမှုဆီသို့ ကူးပြောင်းလာနေပြီဖြစ်ပါသည်။ နှစ်ပေါင်း (၅၇)နှစ်အတွင်း အာဆီယံအသင်းကြီးအနေဖြင့် စတင်တည်ထောင်ခဲ့သူ အဖွဲ့ဝင်များ၏

စာမျက်နှာ ၃ သို့ ◆

# မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၇

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Horizon Lake View ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင် နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး

စာမျက်နှာ ၅ သို့ ❊



မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေး၊ အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်၊ အရေးပေါ်တုံ့ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရ၏ အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးရည်မှန်းချက်များ ပြည့်မီစေရေးအတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ဒေသအလိုက် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်၍ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိလာစေရေး၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကော်မတီဝင်ဌာနများနှင့် ပေါင်းစပ်ကာ သက်ဆိုင်ရာကဏ္ဍအလိုက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ် နွေရာသီကာလတွင် မိမိတို့မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှာ အယ်နီညိုနှင့် လာနီညာဆိုသည့် အစွန်းရောက် ရာသီဥတုဖြစ်စဉ်များ၏ သက်ရောက်မှုကို တွေ့ကြုံခံစားခဲ့ရတာ အားလုံးအသိပဲဖြစ်ပါကြောင်း ဩဂုတ် ၆ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၁၆)၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပပြုလုပ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏(၁/၂၀၂၄)လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် နွေရာသီကာလတွင်လည်း အယ်နီညိုရာသီဥတုအခြေအနေသက်ရောက်မှုကြောင့် ကမ္ဘာနှင့်အဝှမ်း ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ချော်ရည်ပူများစီးဆင်းခြင်း၊ ရေကြီးလွှမ်းမိုးမှုနှင့် မိုးသီးကျခြင်းများဖြစ်ပေါ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၄/၂၀၂၄)တွင်လည်း "သဘာဝလွှန် ဖြစ်ပေါ်လာသည့် ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး မိမိတို့နိုင်ငံတွင် အလားတူမဖြစ်အောင် မည်သို့ကာကွယ်တားဆီးရမည်ဆိုသည်ကို စဉ်းစားပြီး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ကြရန်" ဟု လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ကြည့်ရမည်ဆိုပါက ၂၀၂၃-၂၀၂၄ ကာလအတွင်း လူကြောင့်ဖြစ်သည်များရှိသော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ရာသီဥတုဖောက်ပြန်မှုများ ပို၍ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ သို့ပါ၍ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်၊ အရေးပေါ်တုံ့ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ သဘာဝဘေးအန္တရာယ်အတွက် အရေးပေါ်တုံ့ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ကို မည်သူမျှတားဆီး၍ မရသည့်အတွက် မိုခါမုန်တိုင်းအပါအဝင် ယခင်ဖြစ်ပွားသည့် ဘေးအန္တရာယ်များ၏ အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စီမံချက်များ အစီအမံများရေးဆွဲလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော၊ သရုပ်ပြပွဲ ဆောင်ရွက်

**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် ပုသိမ်ကြီးအ·ထ·က၌ ဩဂုတ် ၅ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနသည် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲ ဆောင်ရွက်ခဲ့သည်။

**(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှု စသည့်အကြောင်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်မှ ပေးအပ်ထားသည့် ရှာဖွေကယ်ဆယ်ရေးသုံး Hydraulic Rescue Tools ပစ္စည်းများ အသုံးပြုပုံ၊ လက်တွေ့မီးငြိမ်းသတ်ခြင်း စသည်တို့အား ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များ၊ ပုသိမ်ကြီး အ·ထ·က မှ ကျောင်းအုပ်ကြီး ဦးမျိုးဇော်ခိုင်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

၀၉၅

၀-၀-၀-၀-၀



## ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ရေနံချောင်း ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၊ ရွာသစ်ရပ်ကွက် ကန်တော်လေးလမ်းဆုံမှ လမ်းမကြီးအထိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

အဆိုပါ လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော ကန်တော်လေးလမ်းဆုံမှ လမ်းမကြီးအထိ အရှည် ပေ ၄၀၀၊ အကျယ် ၁၄ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းဖြစ်ပြီး လုံးဝပြီးစီးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)(၄၇၂)**





## မန္တလာတက္ကသိုလ်၌ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ မန္တလာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ယနေ့ နံနက် ၁၀ နာရီက ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အဖြစ် လူငယ်စကားဝိုင်းကို ကျင်းပသည်။

ဦးစွာ မန္တလာတက္ကသိုလ် အနုပညာအသင်းမှ ကျောင်းသား၊ ကျောင်းသူများက ရောင်စုံပန်းဖြာမန်းမန္တလာသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး မန္တလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်စန်းစန်းဝင်းက အဖွင့်အမှာစကားအဖြစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ စတုတ္ထနှစ် မြန်မာစာအထူးပြုကျောင်းသူ မပေါမာန်နှင်းပွင့်ဖြူက "လူငယ်နှင့် ပညာရေးစာပေ ယဉ်ကျေးမှု"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တတိယနှစ် ဓာတုဗေဒအထူးပြုကျောင်းသား မောင်တေဇာလင်းက "လူငယ်နှင့် ကျန်းမာရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တတိယနှစ် ရက္ခဗေဒအထူးပြုကျောင်းသူ မသီရိခေတ်က "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စတုတ္ထနှစ် ဓာတုဗေဒအထူးပြုကျောင်းသား မောင်ဘိုဘိုထက်က "လူငယ်နှင့် ပြည်သူ့နီတိ" ခေါင်းစဉ်များဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ဆွေးနွေးခဲ့မှုများအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက ယနေ့ ဆွေးနွေးသွားသည့် ခေါင်းစဉ်များအပေါ် သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။

ထို့နောက် မန္တလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်စန်းစန်းဝင်းက ယနေ့လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စိုးသီဟ(အမရ)**

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

◆ ရှေ့ဖုံးမှ

မျှော်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး၊ ကမ္ဘာတွင် အစိုးရအချင်းချင်းအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများအနက် အောင်မြင်မှုအရှိဆုံး အဖွဲ့အစည်းတစ်ခုအဖြစ် အသိအမှတ်ပြုလာကြပါသည်။ အာဆီယံအသင်းကြီးသည် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်လျက်ရှိပါသည်။ အသင်းကြီး၏ တိုးတက်ပြောင်းလဲမှုသမိုင်းတစ်လျှောက်တွင် စိန်ခေါ်မှုများရှိသော်လည်း ဒေသတွင်းနှင့် ဒေသပြင်ပတို့တွင် ဖြစ်ပေါ်နေသည့် နက်နဲသိမ်မွေ့လှသော ပထဝီနိုင်ငံရေးနှင့် လူမှု-စီးပွား စိန်ခေါ်မှုများကို ထိရောက်အောင်မြင်စွာ ကိုင်တွယ်နိုင်ခဲ့ပါသည်။

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား**

အာဆီယံအသင်းကြီးသည် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC)၊ အာဆီယံပဋိညာဉ် စာတမ်း (ASEAN Charter) နှင့် အခြားအာဆီယံစာချုပ်စာတမ်းများတွင် ပါဝင်သည့် အခြေခံမူများနှင့် စံနှုန်းများကို လေးစားလိုက်နာသော စည်းမျဉ်းအခြေပြု အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေပါသည်။ အာဆီယံအနေဖြင့် ပြည်သူဗဟိုပြု၊ ပြည်သူကို ဦးတည်သည့် အသင်းကြီးဖြစ်သည်နှင့်အညီ အာဆီယံအသိုက်အဝန်း တည်ထောင်သော လုပ်ငန်းစဉ်မှာ အဓိပ္ပာယ်ပြည့်ဝစွာ အားလုံးပါဝင်ရေးအတွက် မိမိတို့၏ ကြိုးစားအားထုတ်မှုတိုင်းမှာ အာဆီယံပြည်သူများကို မဏ္ဍိုင်ပြုသွားမည်ဖြစ်ပါသည်။ ဒေသတွင်းလုံခြုံရေး တည်ဆောက်ရာတွင်လည်း အာဆီယံ၏ အရေးပါသည့် အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့ အားလုံးအတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါသည်။

သိမ်မွေ့နက်နဲပြီး လျင်မြန်စွာပြောင်းလဲနေသည့် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးမျက်နှာစာများအကြား အာဆီယံအနေဖြင့် စည်းစည်းလုံးလုံးနှင့် ကြံ့ကြံ့ခံနိုင်ပြီး အချိတ်အဆက်မိမိနှင့် တုံ့ပြန်မှုမြန်ဆန်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် **"ပေါင်းစည်းဆက်သွယ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်မည့် အာဆီယံ"** ဆိုသည့် ၂၀၂၄ ခုနှစ် အာဆီယံ ဥက္ကဋ္ဌလာအိုနိုင်ငံ၏ ဆောင်ပုဒ်သည် ကျိုးကြောင်းဆီလျော်မှုအရှိဆုံးဆိုသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့ အဖွဲ့ဝင်နိုင်ငံများအားလုံးအနေဖြင့် အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှု၊ တီထွင်ဆန်းသစ်မှု၊ တက်ကြွမှုနှင့် ပြည်သူဗဟိုပြုမှုများကို ထိန်းသိမ်းလျက် ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို အပြီးသတ်ရေးဆွဲနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

**❖ သိမ်မွေ့နက်နဲပြီး လျင်မြန်စွာပြောင်းလဲနေသည့် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး မျက်နှာစာများအကြား အာဆီယံအနေဖြင့် စည်းစည်းလုံးလုံးနှင့် ကြံ့ကြံ့ခံနိုင်ပြီး အချိတ်အဆက်မိမိနှင့် တုံ့ပြန်မှုမြန်ဆန်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ရန် လိုအပ်**

**❖ ထို့ကြောင့် "ပေါင်းစည်းဆက်သွယ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်မည့် အာဆီယံ" ဆိုသည့် ၂၀၂၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ လာအိုနိုင်ငံ၏ဆောင်ပုဒ်သည် ကျိုးကြောင်းဆီလျော်မှု အရှိဆုံးဆိုသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်**

**❖ သို့ဖြစ်၍ မိမိတို့အဖွဲ့ဝင်နိုင်ငံများအားလုံးအနေဖြင့် အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှု၊ တီထွင် ဆန်းသစ်မှု၊ တက်ကြွမှုနှင့် ပြည်သူဗဟိုပြုမှုများကို ထိန်းသိမ်းလျက် ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို အပြီးသတ်ရေးဆွဲနိုင်ရန် ကြိုးပမ်းလျက်ရှိ**

**" တာဝန်သိအာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) နှင့်အညီ အာဆီယံအသိုက်အဝန်း တည်ထောင်မှုလုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံးနှင့် အတူတကွ တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိ၊ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရရော ဘဏ္ဍာရေးနှင့် လုပ်ငန်းပိုင်း ဆိုင်ရာများတွင်ပါ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားများကို ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် "**

ထို့အပြင် ဒေသတစ်ဝန်း စီးပွားရေးနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၏ ဒစ်ဂျစ်တယ်ကုန်စည်စီးဆင်းရေး၊ နယ်စပ်ဒေသဖြတ်ကျော် အီလက်ထရောနစ်ကုန်သွယ်မှုတို့ကို ပိုမိုအားကောင်းစေနိုင်မည့် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ်(DEFA)ကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်စည်ထောက်ပံ့မှု ကွင်းဆက်ဆိုင်ရာ အတားအဆီးနှင့် စိန်ခေါ်မှုများကို ကျော်လွှားဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား**

တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter)နှင့်အညီ အာဆီယံအသိုက်အဝန်းတည်ထောင်မှု လုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် အတူတကွ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရရော ဘဏ္ဍာရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာများတွင်ပါ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေး၏ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးသည် ပိုမိုကျယ်ပြန့်နက်ရှိုင်းလာခဲ့ပြီး အာဆီယံအသိုက်အဝန်း (၃) ခုလုံး အောက်ရှိ တည်ထောင်ထားရှိပြီးဖြစ်သော အရေးပါသည့် ယန္တရားများမှတစ်ဆင့် သိသာထင်ရှားသော အောင်မြင်မှုများရရှိအောင် မြန်မာနိုင်ငံက ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိတို့အနေဖြင့် ယခု အရှိန်အဟုန်ဖြင့် အာဆီယံ-ရုရှား မိတ်ဖက်ဆက်ဆံရေး၏ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးတာဝန်ကိုလည်း ၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့် (၅၇)နှစ်မြောက် အာဆီယံ နှစ်ပတ်လည်နေ့အခါသမယတွင် ပိုမိုစည်းလုံးညီညွတ်စွာဖြင့် **"တစ်ခုတည်းသော အသိုက်အဝန်း"** ဆီသို့ ဦးတည်လျှောက်လှမ်းသင့်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံနှုန်းများကို အလေးထားကာ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ မိမိတို့ပြည်တွင်းရေးကို ကိုင်တွယ်ဖြေရှင်းကြရာတွင် ချောမွေ့စေရေးအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးက အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

အာဆီယံမဏ္ဍိုင် (၃)ရပ်လုံးကို လွှမ်းခြုံသော အာဆီယံအသိုက်အဝန်း ဖန်တီးရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက ကတိကဝတ်များ အပြည့်အဝထားရှိရန် လိုအပ်ပါသည်။ ထိုကတိကဝတ်များသည် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သက်ဆိုင်ရာ နိုင်ငံခြားရေးမူဝါဒအသီးသီးအတွက် အခြေခံကောင်းများဖြစ်သကဲ့သို့ အာဆီယံအသိုက်အဝန်းကြီး၏ ခိုင်မြဲသောအုတ်မြစ်လည်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာပြည်သူများနှင့် အာဆီယံပြည်သူများအားလုံး ပိုမိုငြိမ်းချမ်းပြီး ဆတက်ထမ်းပိုး စည်ပင်သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အစိုးရနည်းပညာကောလိပ်(မန္တလေး)မိုးရာသီအမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင် Civil အသင်း အနိုင်ရဗိုလ်စွဲ

**မန္တလေး ဩဂုတ် ၇**

၂၀၂၄ ခုနှစ် ဩဂုတ် ၁၂ ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အစိုးရနည်းပညာကောလိပ်(မန္တလေး) မိုးရာသီအမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၄ နာရီက မန္တလေးမြို့၊ ဗထူးအားကစားပြိုင်ကွင်းတွင် Civil အသင်းနှင့် EP အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Civil အသင်းက EP အသင်းကို ၁ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

ဗိုလ်လုပွဲသို့ (မန္တလေး)အစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မော်ဦးနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ ကျောင်းသား၊ ကျောင်းသူများ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုများချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးကြသည့် ဒိုင်ကော်မတီအား ရန်ပုံငွေကျပ် ၅ သောင်းကို ကျောင်းအုပ်ကြီးဒေါက်တာထွန်းကျော်မြင့်က ပေးအပ်ပြီး ပြိုင်ပွဲတွင် အကောင်းဆုံးဂိုးသမားဆုရ Civil အသင်းမှ အောင်ကျော်ကျော်အား စီမံဌာနမှူး ဒေါက်တာအေးမွန်သာကလည်းကောင်း၊ အကောင်းဆုံးဂိုးသွင်းဆုရ Civil အသင်းမှ ကဒ်တိမ်လျံအား ဒေါက်တာဝေသွင်အောင်(Civilဌာနမှူး)က လည်းကောင်း၊ ထူးချွန်ဆုနှင့်ဆုငွေများ ပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ ဒုတိယဆုရ EP အသင်းမှ အားကစားသမားများကို ဘောလုံးပြိုင်ပွဲကျင်းပရေး



ကော်မတီဥက္ကဋ္ဌ ဦးမြင့်မော်ဦးက ဒုတိယဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ပေးအပ်ချီးမြှင့်ပြီး ပထမဗိုလ်စွဲသည့် Civil အသင်းအား ကျောင်းအုပ်ကြီးဒေါက်တာထွန်းကျော်မြင့်က ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(တင်မောင်-မန်း)**

# အမျိုးသားမြေအသုံးချမှုကောင်စီ ဆဋ္ဌမအကြိမ် အစည်းအဝေးကျင်းပ
# မြေအရင်းအမြစ်များ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ရန် အမျိုးသားမြေဥပဒေ ထွက်ပေါ်လာရေး ဝိုင်းဝန်းကြိုးပမ်း



နေပြည်တော် ဩဂုတ် ၇

အမျိုးသား မြေအသုံးချမှုကောင်စီ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့်ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးညဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားမြေအသုံးချမှုကောင်စီရှိ အထောက်အကူပြု လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားမြေအသုံးချမှုကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

**စနစ်တကျ စီမံခန့်ခွဲနိုင်ရန် အရေးကြီး**

ဦးစွာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြေအရင်းအမြစ်များသည် လူသားများအတွက် စားရေရိက္ခာ၊ သန့်ရှင်းသည့် ရေနှင့် ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် အခြားဂေဟစနစ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေသည့် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်ဖြစ်သကဲ့သို့ တိုးပွားအောင် လုပ်၍မရသော အကန့်အသတ်ရှိသည့်အရင်းအမြစ်လည်းဖြစ်သည့်အတွက် မြေအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်၏ မြေအရင်းအမြစ်များကို စဉ်ဆက်မပြတ် စီမံခန့်ခွဲအသုံးချနိုင်ရန် မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ ညီညွတ်မျှတရေးနှင့် အမျိုးသားမြေဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းနိုင်ရန်အတွက် လိုအပ်သော လမ်းညွှန်မှုတစ်ခုဖြစ်သည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို အများပြည်သူများ ပူးပေါင်းပါဝင်ရေးဆွဲပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း။

အဆိုပါ အမျိုးသားမြေအသုံးချမှုမူဝါဒ အပိုဒ်-၉၊ အပိုဒ်ခွဲ (က) တွင် လမ်းညွှန်ဖော်ပြထားသည့်အတိုင်း အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သောဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လက်ရှိမြေစီမံခန့်ခွဲလျက်ရှိသော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ ပါဝင်သည့် အမျိုးသားမြေအသုံးချမှု ကောင်စီကို ဖွဲ့စည်းခဲ့ပြီး မြေစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အဖွဲ့ဝင်များအကြား ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာရန်အတွက် ယခုကဲ့သို့ အစည်းအဝေးများ ကျင်းပခဲ့သည်မှာ ခြောက်ကြိမ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအစိုးရက စီမံခန့်ခွဲလျက်ရှိသော မြေများအတွင်း တရားမဝင် ကျူးကျော်ခြင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက် ဥပဒေပြဋ္ဌာန်းမှုများ ချိတ်ဆက်မှုအားနည်းခြင်း၊ ဥပဒေတစ်ခုနှင့်တစ်ခု သဟဇာတမဖြစ်ခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှု အားနည်းခြင်း၊ မြေအရင်းအမြစ်အချက်အလက်များနှင့် မြေပုံများ တိကျမှန်ကန်မှုမရှိခြင်း၊ မြေပြင်၌ လက်တွေ့စီမံခန့်ခွဲရန်ခက်ခဲခြင်း၊ ဆက်စပ်ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ခြင်းစသည့် စိန်ခေါ်မှုများကို တွေ့ကြုံနေရကြောင်း၊ ထိုကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ပြည်သူ့ အကျိုးပြုနိုင်မည့် လက်တွေ့ကျသည့် မူဝါဒ၊ တရားမျှတသည့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများ ဖြစ်လာစေရန်အတွက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် သဟဇာတဖြစ်စေမည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် အရေးအကြီးဆုံး တာဝန်တစ်ရပ်ဖြစ်ပါကြောင်း။

မြေအရင်းအမြစ်များကို အကျိုးရှိရှိ ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် အရေးအကြီးဆုံးမှာ မြေအသုံးချမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ စာရင်းအင်းများ၊ မြေပုံများ၊ မှတ်တမ်းများအား တစုတစည်းတည်း စုစည်းမှတ်တမ်းထားရှိပြီး အစိုးရဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၊ ပြည်သူများအနေဖြင့် မြေဆိုင်ရာသတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် လိုအပ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါကိစ္စရပ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေဖြင့် Technical Team များ ဖွဲ့စည်းပြီး Pilot Project များ စတင်ဆောင်ရွက်နေသည့်အတွက် အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းကြရန် ပြောကြားလိုပါကြောင်း၊ ထိုကဲ့သို့ သတင်းအချက်အလက်များကို တစုတစည်းတည်း မှတ်တမ်းထားရှိနိုင်မှသာ မြေစီမံခန့်ခွဲခြင်းကိစ္စရပ်များ၊ မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်းများတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော နာဂစ်မုန်တိုင်း၊ မိုခါမုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များ၊ နိုင်ငံအနှံ့အပြား ရေလွှမ်းမိုးမှု၊ မြေပြိုမှု၊ အပူချိန်လွန်ကဲမှု အစရှိသည့် ရာသီဥတုပြောင်းလဲမှု နောက်ဆက်တွဲဖြစ်စဉ်များကြောင့် လူမှုစီးပွားရေးပျက်စီးဆုံးရှုံးမှုများကို ရင်ဆိုင်ရလျက်ရှိပါကြောင်း၊ အဆိုပါအချက်များသည် ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေးနှင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရေးအတွက် မြေအရင်းအမြစ်များကို ပိုမိုစနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်စေရန် မီးမောင်းထိုးပြနေသည်ဖြစ်ရာ ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းပြီး ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေးနှင့် သဲကန္တာရဖြစ်ထွန်းမှုပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပြုန်းတီးမှုရပ်တန့်စေရေး အစရှိသည့် ကာကွယ်ရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မြေအရင်းအမြစ်များကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ရန် အခြေခံအကျဆုံးဖြစ်သည့် အမျိုးသားမြေဥပဒေ ထွက်ပေါ်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသားမြေဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်၊ အမျိုးသားမြေအသုံးချမှုကောင်စီ ပဉ္စမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်(၉)ချက်အပေါ် အလေးထား လိုက်နာဆောင်ရွက်ရန်၊ အမျိုးသားမြေအသုံးချမှုကောင်စီ လုပ်ငန်းတာဝန်(၁၀)ချက်အပေါ် လိုက်နာဆောင်ရွက်ရန်၊ မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း ကိစ္စရပ်များကို ပြည်သူများနစ်နာမှုမရှိစေရန် ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ စိုက်ပျိုးမြေများကိုအခြားနည်းလမ်းဖြင့် အသုံးမပြုရေး ကြပ်မတ်ဆောင်ရွက်ရန်၊ မြေကိုအကျိုးရှိစွာ အသုံးချရန်အတွက် မြေယာစီမံခန့်ခွဲမှုကို စနစ်တကျအလေးထားဆောင်ရွက်သွားရန်၊ မြေအရင်းအမြစ်နှင့် သတင်းအချက်လက်များ မှန်ကန်စေရန် မြေပုံများ စနစ်တကျ ရေးဆွဲထုတ်ပြန်နိုင်ရန်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပဉ္စမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမျိုးသားမြေဥပဒေ ရေးဆွဲရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် အမျိုးသားမြေဥပဒေ မူကြမ်းရေးဆွဲပြုစုနေသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးက မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဝင်များဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက တွေ့ကြုံနေရသည့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် မြေအသုံးချမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ စာရင်းအင်းများ၊ မြေပုံများ၊ မှတ်တမ်းများရယူစုဆောင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ မြေအသုံးချမှု ရေ့ပြေးစီမံကိန်း ရေးဆွဲရေးကိစ္စရပ်များနှင့် အမျိုးသားမြေဥပဒေမူကြမ်းရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အစည်းအဝေးတွင် ဆွေးနွေးချက်များအပေါ် အခြေခံ၍ အနာဂတ်တွင် စနစ်ကျ၍ ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရန် အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ ပီပြင်ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားမြေဥပဒေကို လက်တွေ့ကျပြီး ပိုမိုထိရောက်စွာ ရေးဆွဲနိုင်ရေးအတွက် မြေယာစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းနှင့် အညီဖြစ်စေရေး ဌာနအလိုက် ညှိနှိုင်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ပဲခူးတိုင်းဒေသကြီးမှ ဆောင်းပါးဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး ကချင်ပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

✲ ရွှေဖုံးမှ

အသင်း - MWCDF အနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝမြှင့်မားရေးတို့ကို အလေးပေးဆောင်ရွက်နေသည်မှာ (၁၁) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ MWCDF ၊ အိန္ဒိယနိုင်ငံ Barefoot College နှင့် မြန်မာနိုင်ငံ အိန္ဒိယသံရုံးတို့ ပူးပေါင်းပြီး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆိုလာနည်းဖြင့် မီးရရှိစေရေးစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကလေးသူငယ်များ အခွင့်အရေးများ ရရှိစေရေးအတွက် မိဘ၊ အုပ်ထိန်းသူများအနေဖြင့် ပြုစုလေ့ကျင့်ပေးနိုင်ရေးကို အဓိကထားကာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့် ကောင်းမွန်စွာဆက်ဆံခြင်းစီမံကိန်း (Good Treatment Project) ကိုလည်း အသင်းတည်ထောင်သည့် ကာလအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်း**

အမျိုးသမီး ကော်မတီများ ဖွဲ့စည်းထားရှိရာတွင်ပြည်ထောင်စုအဆင့်မှာသာမက ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် ခရိုင် ၁၃ ခုတို့တွင် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းအနေဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်နေပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း - NSPAW (၂၀၂၃-၂၀၃၂) ကို ဦးဆောင်ကော်မတီ (၁) ရပ်နှင့် လုပ်ငန်းကော်မတီ (၁၂) ရပ်တို့ ဖွဲ့စည်းကာ စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင်းအနေဖြင့် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ကလေးသူငယ်များ၏ ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ တိုက်ပွဲရှောင်နှင့် သဘာဝဘေးသင့် ပြည်သူများအတွက် လှူဒါန်းမှုများ၊ ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေအမျိုးသမီးဦးဆောင် အိမ်ထောင်စုများအတွက် သက်မွေးသင်တန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်ကို အစီရင်ခံစာများအရသိရှိရပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)၏ လုပ်ငန်းနယ်ပယ် (၁၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှု၊ ဒေသအဆင့်ဆင့်တွင်ရှိသည့် အမျိုးသမီးကော်မတီများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းအပါအဝင် အမျိုးသမီးအဖွဲ့အစည်းများအားလုံး၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံးကလည်း မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်များ ပြည့်မီအောင် ယခုထက်ပိုမိုပြီး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ နန္ဒာမွန်းက "ရွှေသို့လှမ်းချီ အာဆီယံနိုင်ငံများရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆီ" ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ ဆောင်ပုဒ်ဖြစ်သော "လုံခြုံလုပဘဝများ အမျိုးသမီးနှင့် ကလေးများရစေသား" Documentary Movie နှင့် ကောင်းမွန်စွာဆက်ဆံခြင်းမှသည် ပြောင်းလဲခြင်းဆီသို့ ဦးတည်ဆောင်ရွက်သည့် အသင်း၏ လှုပ်ရှားမှုမှတ်တမ်းကို ပြသသည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကချင်ပြည်နယ်မှ World Vision International Founder Award ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ပဲခူးတိုင်းဒေသကြီးမှ ဆောင်းပါးဆုများရရှိသူနှင့် ရှမ်းပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ကချင်ပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူကို ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက ကချင်ပြည်နယ်မှ World Vision International Founder Award ရရှိသူကို ဆုချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင် နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းပြခန်းနှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာ အားပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယပိုင်း အစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၁၃)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲနှင့် (MIIT) သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၇**

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ (၁၃)ကြိမ်မြောက် တိုင်းရင်းဆေး သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်း က တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)ဘွဲ့နှင်းသဘင်ခန်းမဆောင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားကို နဝရတ်ကတိသစ္စာသံပြိုင်ရွတ်ဆို၍ ဖွင့်လှစ်ပြီး သဘာပတိ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်း က အဖွင့်အမှာစကားပြောကြားပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဒုတိယဝန်ကြီးပါမောက္ခဒေါက်တာအေးထွန်းနှင့် ဧည့်သည်တော်များသည် ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်(MIIT)တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ အိန္ဒိယကောင်စစ်ဝန်ချုပ် H.E Mr.Sundeep Kaushal နှင့် တာဝန်ရှိသူများ၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT) မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ









## နွေသီးနှံအဖြစ် နှမ်းကို အဓိကထားစိုက်ပျိုး

**ရေနံချောင်း ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် နွေသီးနှံအဖြစ်နှမ်းကိုအဓိကထား စိုက်ပျိုးကြရာ နှမ်းဈေးကောင်းမွန်ကြောင်း တောင်သူများ တွက်ချေကိုက်ခဲ့ကြောင်း သိရသည်။



ရေနံချောင်းမြို့နယ် နွေသီးနှံအဖြစ် နှမ်းကိုစိုက်ပျိုးရာတွင် ၁၀၇၁ ဧက စိုက်ပျိုးခဲ့ပြီး ဧက ၈၄၀ ရိတ်သိမ်းနေကြောင်း၊ အထွက်နှုန်း တစ်ဧက ၁၀ ဒသမ ၂၁ တင်းထွက်ရှိခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ ဆီထွက်သီးနှံအဖြစ် အဓိက စိုက်ပျိုးပြီး ထွက်ရှိသော နှမ်းများကို ဆီစက်များနှင့် မန္တလေးဝယ်လက်များထံ ရောင်းချကြခြင်းဖြင့် ဝင်ငွေရရှိကြကြောင်း သိရသည်။

(၄၂၇)

## အခြေခံစက်ချုပ်နည်း ပညာသင်တန်း အခမဲ့ ဖွင့်လှစ်သင်ကြား

**မန္တလေး ဩဂုတ် ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မန္တလေး၊ အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံတွင် ကျေးလက်ရှိ အမျိုးသမီးငယ်များ စက်ချုပ်နည်းပညာရပ်များကို တတ်ကျွမ်းပြီး တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်များ ထူထောင်၍ မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်လျက် အခြေခံစက်ချုပ်နည်းပညာ သင်တန်းအား ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အခမဲ့သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါ သင်တန်းတွင် စက်ကိုင်တွယ်အသုံးပြုနည်း၊ စက်နင်းခြင်း၊ ကိုယ်တိုင်းတာနည်း၊ အခြေခံမီနီစကတ်ရိုးရိုး၊ ဘောင်းဘီချုပ်ခြင်း၊ မိန်းမဝတ်ရင်စေ့ရင်ဖုံးချုပ်ခြင်း၊ လုံချည်ချိတ်စကတ်ချုပ်ခြင်း ဘာသာရပ်များအား ပို့ချသွားမည်ဖြစ်ပြီး စင်တီမီတာနည်းဖြင့် သင်ကြားပို့ချသောကြောင့် ကျေးလက်နေပြည်သူများအတွက် များစွာအထောက်အကူဖြစ်စေမည့် သင်တန်းဖြစ်ကြောင်း သိရသည်။

(ဝ၄၅)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Wang Yi Bo ကို ရှားပါးသင်းခွေချပ်ကာကွယ်ရေးတွင် ပါဝင်ခဲ့ရာ Pangolins Conservation Model ဆုပေး



ရှားပါးသင်းခွေချပ် ကာကွယ်ရေးတွင် အရေးပါသည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးခဲ့သည့် ဝမ်ရိဘိုကို Pangolins Conservation Model Award ကို WildAid President John Balcer ကိုယ်တိုင် ဆုပေးအပ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲတွင် ဝမ်ရိဘိုကို WildAid President ဂျွန်ဘိတ်ကာကိုယ်တိုင် ဆုပေးအပ်ခဲ့ရာ သင်းခွေချပ်လေးကို အနီးကပ် စောင့်ရှောက်နေသည့် ဝမ်ရိဘို၏ လျှက်တစ်ပြက် ဓာတ်ပုံကိုပါ လက်ဆောင်ပေးသွားခဲ့သည်။

တောရိုင်းတိရစ္ဆာန် စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌကိုယ်တိုင် ကြီးကျယ်ခမ်းနားသည့် ကမ္ဘာ့အဆင့်ပရောဂျက်ကြီးတွင် ပါဝင်ခဲ့သည့် ဝမ်ရိဘိုကို ဆုပေးအပ်ခြင်းအပေါ် ပရိသတ်များ ဂုဏ်ယူမဆုံးဖြစ်နေကြသည်။

ယင်းဆုပေးပွဲတွင် ဝမ်ရိဘိုက Whoop Fitness Brand ကို ဝတ်ဆင်ထားရာ ထိုအရာမှာ Traning နှင့် Body ကို Recovery လုပ်သည့်အခါ အခြေအနေကို ၂၄နာရီ စောင့်ကြည့်ပေးသည့် ပစ္စည်းဖြစ်ကာ စက်ဘီးစီးသူ၊ ဘောလုံးသမား၊ ပြိုင်ကားမောင်းသူစသည့် အားကစားသမားများ အသုံးပြုသည့်ပစ္စည်းဖြစ်၍ အနုပညာနှင့် အားကစားလုပ်သူဟု သတ်မှတ်ခံခဲ့ရသည်။ **(SKY)**



## လူလတ်ပိုင်းအရွယ်တွင် အစားအသောက်ချင့်ချိန်လျှင် အိုမင်းလာချိန်၌ ကျန်းမာရေးကောင်းမွန်မည်ဟုဆို

လူလတ်ပိုင်းအရွယ်တွင် အစားအသောက်ချင့်ချိန်လျှင် အိုမင်းလာချိန်၌ ကျန်းမာရေးကောင်းမွန်မည်ဖြစ်ကြောင်း အမေရိကန်လူထုကျန်းမာရေးသုတေသီများမကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း အာဟာရဂျာနယ်တွင် ဖော်ပြသည်။

ဟားဗတ်တက္ကသိုလ် လူထုကျန်းမာရေးကျောင်းမှ ပါရဂူဘွဲ့လွန် သဟာယသုတေသီ အန်းဂျူလီတက်ဆီယာဦးဆောင်သော သိပ္ပံပညာရှင်တစ်စုသည် အသက်အရွယ်အလိုက် အစားအသောက်ချင့်ချိန်ခြင်းနှင့်ပတ်သက်၍ ယခင်စစ်တမ်းများအပေါ်အခြေခံ၍ သုတေသနပြုလေ့လာခဲ့ကြခြင်းဖြစ်သည်။

နှစ်ပေါင်း (၃၀)အတွင်း အမေရိကန်အမျိုးသား၊အမျိုးသမီးပေါင်း ၁၀၀၀၀၀ ကျော်တို့၏ နေထိုင်စားသောက်ပုံများကို နှိုင်းယှဉ်လေ့လာရာမှ လူလတ်ပိုင်းအရွယ်တွင် အစားအသောက်ချင့်ချိန်လျှင် အိုမင်းလာချိန်၌ ကျန်းမာရေးကောင်းမွန်မည်ဖြစ်သည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(SCI)**

## EXID မှ Hani ၏ ခင်ပွန်းလောင်း စိတ်ရောဂါဆရာဝန် လူနာသေဆုံး၍ စစ်ဆေးခံနေရ

K Pop အဖွဲ့ EXID မှ Hani ၏ ခင်ပွန်းလောင်း နာမည်ကြီး စိတ်ရောဂါကု ဆရာဝန် Yang Jae Woong သည် လူနာအမျိုးသမီး အသက်သေဆုံးစေခဲ့မိ၍ စစ်ဆေးမှုခံယူနေရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အကြောင်းရင်းမှာ ပိန်ဆေးများကို စွဲလမ်းနေသည့် အသက် (၃၃)နှစ်အရွယ် အမျိုးသမီးလူနာကို သူ၏ Buncheon ဆေးရုံ၌ ဆေးကုသပေးနေပြီး အဆိုပါအမျိုးသမီးက ဗိုက်နာသည်ဟု အော်ဟစ်နေသော်လည်း ပစ်ထားခဲ့၍ အသက်သေဆုံးမှုအထိ ဖြစ်ခဲ့ရသည်။

ယင်းအတွက်ကြောင့် Hani ၏ ခင်ပွန်းလောင်း စိတ်ရောဂါဆရာဝန် Yang Jae Woong စစ်ဆေးမှုများ ခံယူနေရခြင်းဖြစ်သည်။ **(SKY)**



## Han So Hee ပါဝင်မည့် ဇာတ်ကား လူစားလဲခံရ



Han So Hee သည် တောင်ကိုရီးယားအနုပညာလောကတွင် ဝေဖန်ခံရမှုအများဆုံး အနုပညာရှင်ဖြစ်ပြီး ရုပ်ရှင်သစ် Deception သည်းထိပ်ရင်ဖိုရိုက်ကူးရေးတွင် ရပ်တန့်ခဲ့ပြီး လူစားလဲခံလိုက်ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို မင်းသမီး Han So Hee နှင့် မင်းသား ဂူဂျွန်ရီ တို့ ခေါင်းဆောင်ပါဝင်ရန် စီစဉ်ထားသည့် သည်းထိတ်ရင်ဖို ဇာတ်ကားဖြစ်သည်ကို ရိုက်ကူးရေး ရပ်တန့်ခံခဲ့ရသည်။

ယင်းရုပ်ရှင်မှာ ကိုလိုနီခေတ်မှ သွေးစုပ်ဖုတ်ကောင် ပန်းချီဆရာမနှင့် သူဆွဲသည့်ပန်းချီကားကို မော်ဒယ်လ်ထိုင်သည့် ကောင်မလေးဇာတ်လမ်းဖြစ်ကာ လက်ရှိအချိန်တွင် မင်းသမီးဘေးဆူဇီကို ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ရန် ကမ်းလှမ်းထား၍ Han So Hee နေရာတွင် လူစားလဲလိုက်ခြင်းဖြစ်သည်။ **(SKY)**

## Yoo Ah-in ကို ပြင်းထန်သည့် ထောင်ဒဏ်ချမှတ်ရန် တောင်းဆိုခံရ


တောင်ကိုရီးယားတွင် မူးယစ်ဆေးဝါးသုံးစွဲသည့် အနုပညာရှင်များကို တားမြစ်ပိတ်ပင်၍ ဝေဖန်တိုက်ခိုက်လေ့ရှိကြရာ ယူအာအင်းလည်း ဆေးသုံးစွဲပြစ်မှုတွင် ပါဝင်ကာ ပြင်းထန်သည့် ထောင်ဒဏ်လေးနှစ် ချမှတ်ရန် တောင်းဆိုခံထားရသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယူအာအင်းသည် သရုပ်ဆောင်တွင်သာမက ဒါရိုက်တာအဖြစ်လည်း ထူးချွန်သူဖြစ်ကာ Burning နှင့် ကမ္ဘာကျော်ခဲ့ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရဲဘက်မှ ထောင်ဒဏ်လေးနှစ်ချမှတ်ရန် တရားရုံးကို လျှောက်ထားခဲ့သဖြင့် တရားရုံးမှ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေရသည်။

ယူအာအင်းပါဝင်ထားသည့် Match နှင့် High Five ရုပ်ရှင်ကားများ ပြသရက်ရွှေ့ဆိုင်းထားကာ ဇာတ်လမ်းတွဲများလည်း ထုတ်လွှင့်မှု ပိတ်ပင်ထားပြီး လက်ရှိ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အလိုမတူ ကာမရယူမှုတို့ကြောင့် တရားရင်ဆိုင်နေရသည်။ **(SKY)**



## Clint Eastwood ၏ A Fistful of Dollars ကို ပြန်ရိုက်မည်





ဝါရင့်မင်းသားကြီးကလင့် အစ်ဝုဒ်၏ ကောင်းဘွိုင်ဇာတ်ကား A Fistful of Dollars ကို ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးရန် ပြင်ဆင်နေပြီဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၁၉၆၄ခုနှစ်တွင် ထွက်ရှိခဲ့သည့် Dollars Trilogy သုံးကားတွဲမှ ပထမဆုံးရုပ်ရှင် A Fistful of Dollars ကို ပြန်လည်ရိုက်ကူးရန်အတွက် အီတလီကုမ္ပဏီ FPC, Euro Gang Entertainment နှင့် A Fistful of Dollars ၏ ထုတ်လုပ်ဖြန့်ချိရေးကုမ္ပဏီ Jolly Films တို့က ပူးတွဲလုပ်ကိုင်သွားမည် ဖြစ်သည်။

အဆိုပါ ရုပ်ရှင်မူရင်းမှာ Oscar ဆုရှင် ဒါရိုက်တာ အာကီရာ ကူရိုဆာဝါ၏ရုပ်ရှင် Yojimbo ကို ရိုက်ကူးထားခြင်းဖြစ်ပြီး အပိုင်းသုံးပိုင်းတွင် A Fistful of Dollars, For A Few Dollars More နှင့် The Good The Bad and The Ugly တို့ ပါဝင်ကာ အနောက်ပိုင်းရုပ်ရှင်များတွင် အောင်မြင်မှုရရှိထား၍ ပြန်လည်ရိုက်ကူးရန် စိန်ခေါ်မှုအကြီးကြီး ဖြစ်ခဲ့သည်။

လက်ရှိကနဦး ပြင်ဆင်မှုအဆင့်သာရှိပြီး ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်ညွှန်း၊ ပြသရက် အပါအဝင် မည်သည့်အချက်မှ မသိရသေးဟု ဆိုသည်။**(SKY)**

## Jin နှင့် W Korea တို့ အင်တာဗျူး ပြုလုပ်ထား

BTS အဖွဲ့ဝင် Jin (ခေါ်) Kim Seok Jin နှင့် W Korea Interview ပြုလုပ်ထားရာမှ သင်တန်းပြန် Jin ၏ အနုပညာလှုပ်ရှားမှုများ ပရိသတ် သိခွင့်ရရှိခဲ့ကြသည်ဟု K Pop ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jin ကို ပြင်သစ်အဆင့်မြင့် လက်ဝတ်ရတနာ Maison Fred ၏ သံတမန်အဖြစ် ခန့်အပ်ခံထား၍ တန်ဖိုးကြီးလက်ဝတ်ရတနာများနှင့် တောက်ပနေကာ သင်တန်းသားဘဝ ဖြတ်သန်းခဲ့ရပုံများ အနုပညာခရီး လျှောက်လှမ်းခဲ့ရပုံများ ပြောကြားထားကာ တစ်ကိုယ်တော်ဂီတ ဖန်တီးနေသည်ဟု ဆိုသည်။

Jin သည် ဂီတသစ်ကို မြူးတူးပျော်ရွှင်စေသော သီချင်းဖန်တီးထားပြီး သီချင်းဆိုကောင်းခြင်းမှာ အဆိုအတွက် နည်းစနစ်ပိုင်း ကျွမ်းကျင်မှု၊ စိတ်ခံစားချက်ရှိမှု၊ အသံလှည့်စားမှု စသည်တို့ပါဝင်နေရာ သူ့သီချင်းများကို နားထောင်ရင်း ပရိသတ်ပျော်ရွှင်စေရန် မျှော်လင့်မိ၍ အဆိုတော်ကောင်းတစ်ယောက်ဖြစ်ရန် ကြိုးစားထားသည်ဟု ပြောကြားခဲ့သည်။

ဆောင်းရက်တစ်ရက်တွင် လမ်းခွဲခဲ့သည့် Jin ကို W Korea က နွေရာသီအိပ်မက် တစ်ခုကဲ့သို့ ပြန်ဆုံတွေ့ခဲ့ရသည်ဟု မှတ်ချက်ပေးသွားမည်။**(SKY)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## သမ္မတဟောင်း မဟင်ဒါရာဂျာပတ်ဆာ၏သားဖြစ်သူ သီရိလင်္ကာသမ္မတရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည်



**ကိုလံဘို ဩဂုတ် ၇**

သမ္မတဟောင်း မဟင်ဒါရာဂျာပတ်ဆာ၏ သားဖြစ်သူ နာမာလ်ရာဂျာပတ်ဆာကို အာဏာရ အက်စ်အယ်လ်ပီပီပါတီက ၂၀၂၄ ခုနှစ်သမ္မတရွေးကောက်ပွဲဝင် သမ္မတလောင်းအဖြစ် ဩဂုတ် ၇ ရက်တွင် အတည်ပြုနာမည်စာရင်းတင်သွင်းလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိုလံဘိုမြို့တော်ရှိ ထိုပါတီ၏ ရုံးချုပ်တွင် ကျင်းပသော အခမ်းအနား၌ ပါတီအတွင်းရေးမှူး ဆာဂါရာကာရီယာဝါဆမ်ကိုယ်တိုင် ထိုနာမည်စာရင်းတင်သွင်းမှုကို အတည်ပြုကြေညာပေးခဲ့သည်။

ဖခင် သမ္မတအဖြစ် အာဏာရစဉ်က နာမာလ်အနေဖြင့် အားကစားဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

၎င်းသမ္မတအဖြစ် အာဏာရစေရန် အက်စ်အယ်လ်ပီပီပါတီက စရိတ်အကုန်အကျခံပြီး မဲဆွယ်စည်းရုံးသွားမည်ဟု ဆိုသည်။

အကယ်၍ ဝီကရေမေဆင်ဂေ တစ်သီးပုဂ္ဂလသမ္မတလောင်းအဖြစ် ပါဝင်လာမည်ဆိုလျှင် နာမာလ်နှင့် အဓိကယှဉ်ပြိုင်အရွေးခံရမည် ဖြစ်သည်။

ဝန်ကြီးချုပ်အဖြစ် သက်တမ်း ၆ ကြိမ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဝီကရေမေဆင်ဂေအနေဖြင့် သမ္မတရွေးကောက်ပွဲ နှစ်ကြိမ်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## မင်နီဆိုတာပြည်နယ်အုပ်ချုပ်ရေးမှူး တင်မ်ဝေါလ်ဇ် အမေရိကန်ဒုတိယသမ္မတလောင်းအဖြစ် အရွေးခံရ

**ဝါရှင်တန် ဩဂုတ် ၇**

မင်နီဆိုတာပြည်နယ်အုပ်ချုပ်ရေးမှူး တင်မ်ဝေါလ်ဇ် အမေရိကန် ဒုတိယသမ္မတလောင်းအဖြစ် ဩဂုတ် ၆ ရက်က အရွေးခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ညပိုင်း၌ ကျင်းပသော ဖီလာဒဲလ်ဖီးယားပြည်နယ် ဒီမိုကရက်တစ်စုရုံးပွဲအခမ်းအနားတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြုသမ္မတလောင်း ကာမာလာဟဲရစ်က ၎င်းနှင့်တွဲဖက်ယှဉ်ပြိုင်အရွေးခံမည့် ဒုတိယသမ္မတလောင်းအမည်ကို အတည်ပြုကြေညာပေးခဲ့ခြင်း ဖြစ်သည်။



ထိုသို့အတည်ပြုကြေညာပြီးနောက် နာရီပိုင်းအတွင်း အဆိုပါစုရုံးပွဲစင်မြင့်ထက်သို့ တင်မ်ဝေါလ်ဇ်ရောက်ရှိလာပြီး ကာမာလာဟဲရစ်နှင့်အတူတွဲဖက်ကာ ဒီမိုကရက်တစ်ပါတီဘက်မှ အားပေးထောက်ခံသောပရိသတ်ကို နှုတ်ခွန်းဆက်စကားပြောဆိုခဲ့သည်။

လူလတ်တန်းစားအတွက် တိုက်ပွဲဝင်သူ မျိုးချစ်တစ်ဦးအဖြစ် အသက် ၆၀ အရွယ် တင်မ်ဝေါလ်ဇ်ကို ကာမာလာဟဲရစ်က မိတ်ဆက်ပေးသည်။

၎င်းတို့နှစ်ဦးသည် ချီကာဂိုမြို့၌ ဩဂုတ် ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ဒီမိုကရက်တစ်ပါတီအမျိုးသားညီလာခံတွင် မဲဆွယ်စည်းရုံးရေးမိန့်ခွန်းပြောကြားကြမည်ဖြစ်ကြောင်း သိရသည်။

Mon



ပဲရစ်အိုလံပစ်အားကစားပွဲတော်၌ အသက်အငယ်ဆုံး တရုတ်အားကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သော အသက် ၁၁ နှစ်အရွယ် စကိတ်ဘုတ်အားကစားမယ်လေး ကျန်းဟွာ့ဟွာကို တွေ့ရစဉ်။ Mon

## အသက် ၈၄ နှစ်အရွယ် ပါမောက္ခ မိုဟာမတ်ယူနစ်ကို ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအကြံပေးချုပ်အဖြစ် ခန့်အပ်



**ဒက္ကာ ဩဂုတ် ၇**

အသက် ၈၄ နှစ်အရွယ် ပါမောက္ခ မိုဟာမတ်ယူနစ်ကို ဘင်္ဂလားဒေ့ရှ် ကြားဖြတ်အစိုးရ အကြံပေးချုပ်အဖြစ် ဩဂုတ် ၆ ရက်က ခန့်အပ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်သို့ ဆေးကုသမှုခံယူရန်သွားရောက်ခဲ့ပြီးအပြန်တွင် ပါမောက္ခ မိုဟာမတ်ယူနစ်က ထိုခန့်အပ်မှုကို လက်ခံခဲ့သည်။

ကြားဖြတ်အစိုးရ၏ ယာယီသမ္မတဖြစ်သူ မိုဟာမက်ရှဟာဘူဒင်နှင့် စစ်ဘက်ဆိုင်ရာအကြီးအကဲများက ၎င်းကို အကြံပေးချုပ်အဖြစ်ခန့်အပ်ရန် ညှိနှိုင်းသဘောတူညီခဲ့ခြင်းဖြစ်သည်။

၎င်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆင်းရဲမွဲတေမှုတိုက်ဖျက်နိုင်ရန်အတွက် အသေးစားငွေစုငွေချေးလုပ်ငန်းများကို ထွန်းကားအောင်ကြံဆောင်ခဲ့သူဖြစ်သည်။

သို့ရာတွင် ယခင်အစိုးရလက်ထက်က အလုပ်သမားဥပဒေချိုးဖောက်သည်ဟု စွပ်စွဲခံရပြီး ထောင်ဒဏ် ၆ လ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

Mon

## ဟားမတ်စ်အုပ်စု၏ အကြွင်းမဲ့ခေါင်းဆောင်အဖြစ် ယာယာဆင်ဝါကို အတည်ပြု တင်မြှောက်လိုက်ပြီ

**တီဟီရန် ဩဂုတ် ၇**

အီရန်နိုင်ငံ တီဟီရန်မြို့တော်၌ ဖြစ်ပွားသော ဗုံးထောင်တိုက်ခိုက်မှုတွင် သေဆုံးခဲ့ရသည့် အစ္စမေးလ်ဟာနီယဲ၏ နေရာတွင် သင့်လျော်မည့်ခေါင်းဆောင်တစ်ဦး အစားထိုးရန် ဟားမတ်စ်အုပ်စု ထိပ်တန်းခေါင်းဆောင်များ ဒိုဟာမြို့တွင် ၂ ရက်ကြာ ဆွေးနွေးညှိနှိုင်းခဲ့ပြီးနောက် ယာယာဆင်ဝါကို အတည်ပြုတင်မြှောက်လိုက်ပြီဟု ဩဂုတ် ၆ ရက်က ထုတ်ဖော်ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။


လွန်ခဲ့သော ၂၀၁၇ ခုနှစ်ကတည်းက ဂါဇာကမ်းမြောင်ဒေသတွင် ဟားမတ်စ်အုပ်စုဝင်များကို ဦးဆောင်ကွပ်ကဲခဲ့သော ယာယာဆင်ဝါကို ဟားမတ်စ်အုပ်စု၏ ဗဟိုကော်မတီက တစ်ခဲနက်ထောက်ခံမဲပေးပြီး တင်မြှောက်ခဲ့ခြင်း ဖြစ်သည်။

ဗုံးတိုက်ခိုက်မှုတွင် သေဆုံးခဲ့သည့် ဟားမတ်စ်နိုင်ငံရေးခေါင်းဆောင် အစ္စမေးလ်ဟာနီယဲသည် သဘောထားပျော့ပြောင်းသော်လည်း ယာယာဆင်ဝါမှာ အစွန်းရောက်သူဖြစ်သည်။

ထို့ပြင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုများကို ၎င်းက နောက်ကွယ်မှ စီစဉ်ခဲ့သည်ဟု အစ္စရေးအစိုးရက သံသယဖြစ်ကာ အလိုအရှိဆုံးစာရင်းတွင် ထည့်သွင်းခံထားရသူဖြစ်ကြောင်းလည်း သိရသည်။

Mon






## တောင်ကိုရီးယားအခြေစိုက် ဟွန်ဒိုင်းကုမ္ပဏီ ထိုင်းနိုင်ငံ၌ လျှပ်စစ်ကားထုတ်ရန် ရင်းနှီးမြှုပ်နှံ

**ဆိုးလ် ဩဂုတ် ၇**

တောင်ကိုရီးယားအခြေစိုက် ဟွန်ဒိုင်းကားထုတ်လုပ်ရေးကုမ္ပဏီက ထိုင်းနိုင်ငံ၌ လျှပ်စစ်ကားထုတ်ရန် အမေရိကန်ဒေါ်လာ ၂၈ သန်းနှင့်ညီမျှသော ထိုင်းဘတ်ငွေသန်းတစ်ထောင် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံက လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းများကို အခွန်အတုပ်လျှော့ပြီး ဖိတ်ခေါ်နေသဖြင့် ဟွန်ဒိုင်းကုမ္ပဏီက ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၆ ခုနှစ်တွင် ထိုင်းအခြေစိုက် ဟွန်ဒိုင်းလျှပ်စစ်ကားစက်ရုံမှ လျှပ်စစ်ကားများကို သာမက လျှပ်စစ်ကားဘက်ထရီများကိုလည်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Mon

## ဩစတြေးလျဒေါ်လာ ၆၀၀၀၀၀ ကျော်တန်သည့် ဘလူဝီဒင်္ဂါးပြားများကို ရဲတပ်ဖွဲ့ဝင်များ သိမ်းဆည်း

**ကင်ဘာရာ ဩဂုတ် ၇**

ခိုးယူခြင်းခံရသော ဩစတြေးလျဒေါ်လာ ၆၀၀၀၀၀ ကျော်တန်သည့် ဘလူဝီဒင်္ဂါးပြားများကို ဆစ်ဒနီရဲတပ်ဖွဲ့ဝင်များ ဩဂုတ် ၆ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သတင်းအရ မသင်္ကာသောအိမ်ကို ရှာဖွေစစ်ဆေးရာမှ အဆိုပါဒင်္ဂါးပြားများကို သိမ်းဆည်းရမိကာ အဓိကသံသယရှိသူ အသက် ၄၇ နှစ်အရွယ် စတီဗင်ဂျွန်နိုင်လ်ဆန်ကိုလည်း ဖမ်းဆီးခဲ့ကြောင်း ဆစ်ဒနီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။



ဩဂုတ် ၇ ရက်တွင် ပါရမတ္တတရားရုံး၌ ၎င်းကို ရုံးထုတ်စစ်ဆေးခဲ့ရာ အာမခံမယူဘဲ ငြင်းဆန်ခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများထုတ်ပြန်

နေပြည်တော် ဩဂုတ် ၇

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ရှမ်းပြည်နယ်)နှင့် ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း (ရန်ကုန်)တို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ လူနေအိမ်များ၊ ရပ်ကွက်များနှင့် တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံး၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ပစ်ခတ်တိုက်ခတ်ခြင်းတို့ကြောင့် အပြစ်မဲ့ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အဦများ၊ ဆေးရုံအဆောက်အဦများအပေါ် အကြောင်းမဲ့ ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံပြည်သူများမှ နေရပ်စွန့်ခွာနေရပြီး အိုးအိမ်များ ဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရခြင်းတို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ လုပ်ရပ်များအား လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်) က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၇ )ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Droneများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှလည်း နေရပ်စွန့်ခွာပြီး ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိကအဆောက်အဦများ စစ်ရေးအတွက်အသုံးပြုနေခြင်းတို့ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်) က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်)

# ဒုတိယဝန်ကြီး ဦးရဲတင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိကာ စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့်အတူ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံး၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ (ယာပုံ) ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မိတ္ထီလာခရိုင်ရုံးတို့သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ်ရုံးနှင့် ချောက်မြို့နယ်ရုံးတို့သို့ လည်းကောင်း ရောက်ရှိပြီး စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

မှာကြား

ဒုတိယဝန်ကြီးက ဝန်ထမ်းများအား မှာကြားရာတွင် လူငယ်များအပါအဝင် ပြည်သူများ အသိပညာဗဟုသုတပြည့်ဝရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် စာဖတ်သူ၊ စာငှားသူ တိုးတက်အောင် စည်းရုံးဆောင်ရွက်ရေး၊ မိမိတို့ကိုယ်တိုင်လည်း စာပေလေ့လာဖတ်ရှုကြပြီး အသိပညာတိုးတက်အောင် ကြိုးစားကြရန်နှင့် ထာဝစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းဖြစ်အောင် အားပေးဖော်ဆောင်ရေး၊ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊ ယနေ့နိုင်ငံတော်တွင် တွေ့ကြုံနေရသည့် ဆူပူအကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများ ပပျောက်ချုပ်ငြိမ်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူအားလုံးက နိုင်ငံတော်အစိုးရ တပ်မတော်တို့နှင့်အတူ ပူးပေါင်းပါဝင်ကာကွယ်စောင့်ရှောက်သွားကြရန် အသိပညာပေးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ဟံသာဝတီယူနိုက်တက်ကို ဂိုးပြတ်အနိုင်ရခဲ့သည့် Junior Lions အသင်း

**ရန်ကုန် ဩဂုတ် ၇**

MNL (U-20)Youth League 2024 အမှတ်ပေး ဘောလုံးပြိုင်ပွဲ (Week-10)ပွဲစဉ် တစ်ပွဲအဖြစ် ယနေ့ ညနေက ဗဟန်းမြက်ခင်းတု (M3)ကွင်း၌ Junior Lions အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး Junior Lions အသင်းက ၄ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။




Junior Lions အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၄၂ မိနစ်တွင် အသင်းခေါင်းဆောင် ကျော်သီဟ၊ ပွဲချိန် ၇၈ မိနစ်တွင် ကျော်ညီညီ၊ ပွဲချိန် ၈၂ မိနစ်တွင် ခွန်မောင်လုံး၊ ပွဲချိန် ၉၀+၂ မိနစ်တွင် သော်ဇင်ကိုတို့က အသီးသီး သွင်းပေးခဲ့သည်။ Junior Lions အသင်းသည် ကိုးပွဲကစားပြီးချိန်တွင် ခြောက်ပွဲနိုင်၊ သုံးပွဲ သရေ ရမှတ် ၂၁ မှတ်ဖြင့် အဆင့် ၂ နေရာတွင် ဆက်လက်ရပ်တည်နေပြီး အဆင့် ၁ နေရာမှ ရှမ်းယူနိုက်တက်အသင်းကို ရမှတ်နှစ်မှတ်ကွာဟနေသည်။ ဟံသာဝတီယူနိုက်တက်အသင်းသည် ကိုးပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ နှစ်ပွဲ သရေ၊ ခြောက်ပွဲရှုံး ရမှတ် ငါးမှတ်ဖြင့် အဆင့် ၁၂ နေရာတွင် ရပ်တည်နေသည်။

*NGB*

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**

# အသား၊ ငါးများ ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေး စစ်ဆေးဆောင်ရွက်

**ရေနံချောင်း ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဒေသခံပြည်သူများ အသား၊ ငါး ဝယ်ယူစားသုံးမှု အဆင်ပြေစေရန် ရည်ရွယ်၍ ဝက်၊ အမဲ၊ ဆိတ်သားရောင်းချသူများမှ အသား၊ ငါးများ ရောင်းချရာ၌ ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် သား၊ ငါးများ ဝယ်ယူစားသုံးနိုင်ရန် တစ်ပြေးညီဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့မဈေးရှိ အသား၊ ငါးဈေးဆိုင်များတွင် ဈေးနှုန်းသတ်မှတ်ချက်များပါဝင်သည့် ဗီနိုင်းဆိုင်းဘုတ်များ ချိတ်ဆွဲကာ ပညာပေး၍ စနစ်တကျရောင်းချစေခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ကွင်းဆင်းသွားရောက်ပြီး ဝက်၊ အမဲ၊ ဆိတ်သားများ ရောင်းချရာ၌ ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

(၄၇၂)

# ရေစကြိုမြို့နယ် ကိုရင့်ကျေးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲရေးသား

နေပြည်တော် ဩဂုတ် ၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကိုရင့်ကျေးရွာကို ဩဂုတ် ၆ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၂၃ လုံး မီးလောင်ပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၆ ရက်က ရေစကြိုမြို့နယ် ကိုရင့်ကျေးရွာအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ၎င်းတို့လက်နက်ဝယ်ယူရန်အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းခွဲ ပေးဆောင်ရမည်ဟု ကျေးရွာနေပြည်သူများထံမှ အဓမ္မကောက်ခံနေကြောင်းကို ၎င်းတို့အား အားပေးထောက်ခံခြင်းမရှိသည့် ကျေးရွာသားများက သတင်းပေးပို့ခဲ့သည့်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကျေးရွာအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့သည့်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများက ကျေးရွာအတွင်း နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ နေအိမ်များကို မီးရှို့ဖျက်ဆီးပြီး ဒေသခံပြည်သူများထံမှ အဓမ္မငွေကြေးကောက်ခံနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ကာ တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# တပ်မတော်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ပြည်သူများ သေဆုံးပြီး နေအိမ်အဆောက်အဦများ ပြိုကျပျက်စီးခဲ့သည်ဟု သတင်းအမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီန္နီမြို့အား ဇူလိုင်လအတွင်း တပ်မတော်မှ လေကြောင်းဖြင့် ဗုံးကြဲ တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ၁၃ ဦး သေဆုံးပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အလားတူ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့ရှိ ကျေးရွာများကိုလည်း တပ်မတော်မှ ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူများသေဆုံးပြီး စာသင်ကျောင်း၊ ဆေးရုံနှင့် ဈေးဆိုင်များ ပြိုကျပျက်စီးခဲ့ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်မှု ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်နေသည့် ကာလအတွင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူလူထု၏ သတင်းပေးပို့မှုများဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် နေရာများကိုသာ ပစ်မှတ်ထား၍ အကြမ်းဖက်မှုနှိမ်နင်းရေးကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

သို့သော် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် စစ်ရေးပစ်မှတ် မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအား Drop Bomb များ၊ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ သေဆုံးခဲ့ရသည်ကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက နိုင်ငံတကာမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်မှတစ်ဆင့် ဖြစ်စဉ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "NWE NI LIN" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၅) ရပ်ကွက်နေ နွယ်နွယ်လင်းအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် သုံးခွမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



ကျောက်ဆည် ဩဂုတ် ၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းကာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိ ဆူးကုန်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခက်ခက်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်ပြည်သူများ တက်ရောက်ခဲ့ကြပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝင်းက မိုးခေါင်ရေရှားဖြစ်နေစဉ် လိုက်နာရန်အချက်များ၊ မိုးခေါင်ရေရှားဖြစ်ပေါ်ပြီးချိန်တွင်ပြုလုပ်ရန် အချက်များ၊ လျှပ်စီးလက်ခြင်းမဖြစ်မီကြိုတင်လုပ်ဆောင်ရန်အချက်များ၊ လျှပ်စီးလက်ခြင်းဖြစ်ပွားပြီးနောက် လိုက်နာရန် အချက်များ၊လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ လေပြင်းတိုက်ခတ်နေစဉ်သတိပြုလိုက်နာရန်အချက်များ၊ ဆူနာမီဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန်အချက်များနှင့် ဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များစသည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့်အကြောင်းအရာများကိုဟောပြောခဲ့ပြီး တက်ရောက်လာသူများက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီးသိရှိလိုသည်များကိုမေးမြန်းခဲ့ပြီး ကျောက်ဆည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတာဝန်ရှိသူမှ ပြန်လည်ဖြေကြားခဲ့ပြီး သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

စုစုအေး(ကျောက်ဆည်)

## နေအိမ်အပေါ်ထပ် ဘုရားစင်မီးလောင်မှု ဖြစ်ပွား

မန္တလေး ဩဂုတ် ၇

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၅၉)၊ ၃၃ လမ်း၊ ၈၃လမ်းနှင့်၈၄လမ်းကြားရှိ နေအိမ်တစ်အိမ်အပေါ်ထပ် ဘုရားစင်မီးလောင်မှု ဩဂုတ် ၅ ရက် မွန်းတည့် ၁၂ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို ဦးစီး၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြပြီး မီးလောင်မှုနှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(၀၅၇)






## ဂွီဒိုရိုဒရီဂွက်ဇ်အား နှစ်နှစ်စာချုပ်ဖြင့် ဝက်စ်ဟမ်းအသင်း ခေါ်ယူ




**လန်ဒန် ဩဂုတ် ၇**

ဝက်စ်ဟမ်းအသင်းသည် ရီးရဲလ်ဘက်တစ်အသင်း ကွင်းလယ်ကစားသမား ဂွီဒိုရိုဒရီဂွက်ဇ်အား ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ၂နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ရီးရဲလ်ဘက်တစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၃ပွဲကစားပြီး ၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဂွီဒိုရိုဒရီဂွက်ဇ်က "ကျွန်တော် ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ လာမည့် ဘောလုံးရာသီသစ်မှာ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင်လည်း ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(အပေါ်ပုံ)(NGB)**

## ဇင်ချန်ကို ကျောနံပါတ် (၁၇)ဂျာစီအား ဝတ်ဆင်ကစားသွားမည်




**လန်ဒန် ဩဂုတ် ၇**

အာဆင်နယ်အသင်း နောက်ခံကစားသမား ဇင်ချန်ကို ကျောနံပါတ် (၁၇)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

အဆိုပါ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ကျောနံပါတ်(၃၅)ဂျာစီအား ဝတ်ဆင်ကစားခဲ့သော်လည်း လာမည့် ဘောလုံးရာသီမှစတင်ကာ ကျောနံပါတ်(၁၇)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဇင်ချန်ကိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၅ပွဲကစားပြီး ၁ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဇင်ချန်ကိုက "ကျွန်တော် ကျောနံပါတ်(၁၇)ဂျာစီအား ပြောင်းလဲဝတ်ဆင်ကစားသွားမှာပါ။ လာမည့် ဘောလုံးရာသီမှာလည်း အာဆင်နယ်အသင်းနှင့် ဆုဖလားတွေ ရယူသိမ်းပိုက်သွားလိုပါတယ်"ဟု ပြောသည်။ **(NGB)**

## ဒီမာရီယာ ဘင်ဖီကာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၇**

ဘင်ဖီကာအသင်းသည် အသင်းဝါရင့် တောင်ပံကစားသမား ဒီမာရီယာအား ၂၀၂၅ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဘင်ဖီကာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၈ပွဲကစားပြီး ၁၇ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဒီမာရီယာက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းက ကျွန်တော့်ရဲ့ အိမ်လိုပါပဲ။ လာမည့် ရာသီသစ်မှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**




### ဘောလုံးသတင်း အတိုအထွာများ

* ဘာစီလိုနာအသင်းသည် လိုက်ပဇစ်အသင်း ကွင်းလယ်ကစားသမား အော်လ်မိုအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* မန်ချက်စတာယူနိုက်တက်အသင်းသည် ဘန်လေအသင်း ကွင်းလယ်ကစားသမား ဆန်ဒါဘာ့ဂ်ျအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

## ရီးရဲလ်မက်ဒရစ်အသင်းက ချဲလ်ဆီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ



**မက်ဒရစ် ဩဂုတ် ၇**

နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက ချဲလ်ဆီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၉မိနစ်တွင် ဗက်ဇ်ကေး၊ ပွဲချိန် ၂၇မိနစ်တွင် ဘရာဟင်မ်ဒီယက်ဇ်တို့က သွင်းယူပေးခဲ့သည်။ ချဲလ်ဆီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၃၉မိနစ်တွင် မာဒူအီကီက သွင်းယူပေးခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် UEFA စူပါဖလား ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၅ရက် နံနက် ၁နာရီ ၃၀မိနစ်တွင် အတ္တလန္တာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရဦးမည် ဖြစ်သည်။ **(အပေါ်ယာပုံ)**

**(NGB)**

## ရိုမီယို အသင်းတွင် ဆက်ရှိသွားမည်ဟု စပါးအသင်း အတည်ပြု

**လန်ဒန် ဩဂုတ် ၇**

နောက်ခံကစားသမား ရိုမီယို အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု စပါးအသင်းက အတည်ပြုခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း စပါးအသင်းက ငြင်းပယ်ခဲ့သည်။



နောက်ခံကစားသမား ရိုမီယိုသည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၈ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

စပါးအသင်းထုတ်ပြန်ချက်တွင် "ရိုမီယို အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)(NGB)**

## ဘရီမာ ဂျူဗင်တပ်အသင်းနှင့် ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဩဂုတ် ၇**

ဂျူဗင်တပ်အသင်းသည် အသင်း နောက်ခံကစားသမား ဘရီမာအား ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၃ပွဲကစားပြီး ၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ဂျူဗင်တပ်အသင်း ထုတ်ပြန်ချက်တွင် "ဘရီမာအား ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ အသင်းအနေနဲ့လည်း နောက်ထပ်ကစားသမားတွေကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)**

**(NGB)**




## 2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၁၂ ရက်တွင် စတင်မည်

**လန်ဒန် ဩဂုတ် ၇**

ကိုလံဘီယာနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ လာမည့် ဩဂုတ် ၁၂ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Barranquilla Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၈ရက်အထိ ၇ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။




2024 Barranquilla Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Barranquilla Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဂျာမနီတင်းနစ်မယ် Tatjana Maria ဖြစ်သည်။ **(ဝဲပုံ)(NGB)**

### ၂၀၂၄ပါရီ အိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ (တတိယနေရာလုပွဲ)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၈-၈-၂၀၂၄ ကြာသပတေးနေ့ | ညဉ့်၁၀နာရီ | အီဂျစ် - မော်ရိုကို |

### နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၈-၂၀၂၄ သောကြာနေ့ | နံနက်၀၀း၁၀နာရီ | အိုလံပီယာကို့စ်(ဂရိ) - နော့တင်ဟမ်(အင်္ဂလန်) |
| ။ | နံနက်၀၁း၀၀နာရီ | ဂရန်နာဒါ(စပိန်) - အယ်လ်ဝါဒါ(ဆော်ဒီအာရေးဗျ) |

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်မှုအပါအဝင် လုပ်ငန်းသစ် ၅ ခု ခွင့်ပြု

**မန္တလေး ဩဂုတ် ၇**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ပြည်တွင်း ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများအဖြစ် လျှပ် စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုအပါအဝင် လုပ်ငန်း သစ် ၅ ခုကို ခွင့်ပြုခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ၇/၂၀၂၄ အစည်းအဝေးတွင် အဆိုပါ လုပ်ငန်း ၅ ခုကို ခွင့်ပြု ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဇွန်လ အထိ နိုင်ငံနှင့် ဒေသပေါင်း ၅၃ ခုရှိသည်ဟု ဆိုသည်။

"ပြည်တွင်းမှာ နိုင်ငံတော် က ဦးစားပေး အစီအစဉ်ဖြစ်တဲ့ လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ် ဆင်ထုတ်လုပ်ရောင်းချမယ့်လုပ် ငန်း ဖြစ်ပါတယ်။ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရဲ့ မ,တည်ငွေရင်းတိုးမြှင့်ခြင်းအပါ အဝင် ကဏ္ဍတွေရဲ့ လုပ်ငန်းသစ် ၅ ခု ခွင့်ပြုပေးခဲ့ပါတယ်"ဟု သက်ဆိုင်ရာတာဝန်ရှိသူက ပြော သည်။

လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအပါအဝင် ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေ ရိကန်ဒေါ်လာ ၄၄ သန်းကျော် နှင့် ငွေကျပ်သန်းပေါင်း ၅၇၃၅၁ သန်းကျော်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန်လကုန်အထိ မြန်မာ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ ဒေသပေါင်း ၅၃ ခုအနက် စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံ တို့မှ အများဆုံးဖြစ်ကြောင်း သိရ သည်။

ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍအသီးသီးတွင် စီးပွားရေး ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုစီးပွားရေး ကဏ္ဍ ၁၂ ခုအနက် စွမ်းအင် ကဏ္ဍတွင် စုစုပေါင်း ရင်းနှီး မြှုပ်နှံမှု၏ ၂၈ ဒသမ ၄၅ ရာခိုင် နှုန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် ၂၄ ဒသမ ၄၁ ရာခိုင် နှုန်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ တွင် ၁၄ ဒသမ ၄၅ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-ဇ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကျော်ချောင်းအတွင်း ပိတ်ဆို့နေသော အမှိုက်သရိုက်များအား သွားလာရေး အဆင်ပြေစေရန် စုပေါင်း ဖယ်ရှားရှင်းလင်း

**ပွင့်ဖြူ ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျွဲတံခါး ကျေးရွာအနီး ကြီးအုံကြီးဝတမံ သွား သုံးမိုင်ခွဲကွန်ကရစ်လမ်းပေါ် ရှိ ကျွဲတံခါးရေကျော်ချောင်းတွင် ရေစီးနှင့်အတူ မျောပါလာသော အမှိုက်သရိုက်များ တင်ကျန်နေမှု အား အန္တရာယ်ကင်းစွာ ကူးလူး ဖြတ်သန်းသွားလာနိုင်ရန် ဩဂုတ် ၂ ရက် နံနက်ပိုင်းက ဒေသခံ ပြည်သူများ စုပေါင်းပြီး ဖယ်ရှား ရှင်းလင်း ဆောင်ရွက်ခဲ့သည်။

"ကျွန်တော်တို့ မြို့နယ်မှာ ဒီရက်ပိုင်း မိုးသည်းထန်စွာ ရွာ သွန်းခဲ့တာကြောင့် ကျေးရွာအနီး မှာရှိတဲ့ ကြီးအုံကြီးဝတမံသွား သုံးမိုင်ကွန်ကရစ်လမ်းပေါ်က ရေ ကျော်ချောင်းမှာ ရေစီးနဲ့အတူ မျောပါလာတဲ့ ဆူးညှောင့်အမှိုက် သရိုက်များ တင်ကျန်နေပြီး သွား လာရေးအတွက် အခက်အခဲဖြစ်ခဲ့ ပါတယ်။ ဒါကြောင့် သွားလာရေး အဆင်ပြေအောင် ဒေသခံပြည်သူ တွေ စုပေါင်းပြီးတော့ ရေကျော် ချောင်းအတွင်း ပိတ်ဆို့တင်ကျန် နေတဲ့ အမှိုက်သရိုက်များကို စုပေါင်းဖယ်ရှားရှင်းလင်းဆောင် ရွက်ခဲ့ပါတယ်။ ခုဆိုရင် ရေကျော် ချောင်းအတွင်းမှာရှိတဲ့ အမှိုက် သရိုက်တွေ ဖယ်ရှားဆောင်ရွက် ပြီးပြီဖြစ်လို့ အိမ်စီးကားတွေနဲ့ သုံးဘီးဆိုင်ကယ်တွေ အန္တရာယ် ကင်းစွာ ဖြတ်သန်းသွားလာလို့ ရသွားပါပြီ"ဟု ပွင့်ဖြူမြို့နယ် ကျွဲတံခါးကျေးရွာမှ ဦးဖိုးငွေးက ပြောသည်။

အဆိုပါ ကြီးအုံကြီးဝတမံ သို့ သွားလာသည့် သုံးမိုင်ကွန် ကရစ်လမ်းသည် တမံအနီးကျေးရွာ များဖြစ်သည့် ရေယာဉ်ကျေးရွာ၊ မအူပင်ကျေးရွာ၊ ကျွဲခြံကျေးရွာ၊ ကျွဲတံခါးကျေးရွာနှင့် လယ်မ ကျေးရွာရှိ ဒေသခံပြည်သူများ အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ရာတွင် အကျိုးပြု လျက်ရှိသည့် လမ်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**





## သရက်မြို့၌ မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**သရက် ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက် (၁)နှစ်ခွဲထိကလေးငယ်များကို ပုံမှန် ကာကွယ်ဆေးထိုးနှံပေး ခြင်းကို ယမန်နေ့ နံနက် ၉ နာရီ က ပြည်တော်အေးရပ်ကွက်၊ ဆင် ဖြူတော်ဘုရားကြီးဓမ္မာရုံတွင် မြို့ပေါ်(၈)ရပ်ကွက်မှ မွေးကင်းစ မှ အသက်(၁)နှစ်ခွဲထိ ကလေး ငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

မွေးကင်းစမှ အသက်(၁) နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန် ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက်(၂)လ ကလေးငယ်များ ကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက် ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန် အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမ အကြိမ်)၊ (၄)လအရွယ်ကလေး ငယ်များကို ပိုလီယို၊ ပြင်းထန် အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊ (၆လ)မှာ(တတိ ယအကြိမ်)ထိုးနှံရပြီး အသက် (၉)လမှာ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး(ပထမ) အကြိမ်နှင့် အသက်(၁)နှစ်ခွဲမှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ) ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်) ကာကွယ်ဆေးများကို စတုတ္ထ အကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယ အကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## ထိုင်းနိုင်ငံဈေးကွက်နှင့် ပြည်တွင်းဈေးကွက်ကိုတင်ပို့ရန် ဖရဲစိုက်တောင်သူများ ဖရဲကို စိုက်ပျိုးလာ

ထိုင်းနိုင်ငံဈေးကွက်နှင့် ပြည်တွင်းဈေးကွက်ကို တင်ပို့ရန် ဖရဲစိုက်တောင်သူများ ဖရဲကို စိုက် ပျိုးလာကြောင်း ဖရဲစိုက်တောင် သူများထံက သိရသည်။

လက်ရှိအချိန်တွင် မိုးဖရဲ စိုက်ပျိုးရာသီချိန်ဖြစ်တာကြောင့် တောင်သူများ စတင်စိုက်ပျိုးလျက် ရှိသလို ဆောင်းရာသီတွင် စိုက် ပျိုးနိုင်ရန် ပြင်ဆင်ဆောင်ရွက် လျက်ရှိကြောင်း၊ ဖရဲစိုက်တောင် သူများအနေဖြင့် တရုတ်ဈေးကွက် သို့ မတင်ပို့တော့ဘဲ ပြည်တွင်း ဈေးကွက်နှင့် ထိုင်းဈေးကွက်သို့ တင်ပို့ရန် စိုက်ပျိုးလျက်ရှိကြောင်း၊ ထို့သို့ စိုက်ပျိုးရာတွင် ယခင် စိုက်ပျိုးလေ့ရှိသည့် အလုံးကြီး ၈၅၅ မျိုးတွေကို မစိုက်ပျိုးကြ တော့ဘဲ ကိုရီးယားမျိုးများကိုသာ ပြောင်းလဲစိုက်ပျိုးကြကြောင်း ဖရဲ စိုက်ပျိုးရောင်းဝယ်နေသူ ဦးသစ္စာ က ပြောသည်။

"လက်ရှိ ဖရဲစိုက်တောင် သူတွေက ထိုင်းနိုင်ငံဈေးကွက် နဲ့ ပြည်တွင်းဈေးကွက်အတွက် ရည်ရွယ်စိုက်ပျိုးနေကြတာပါ။ အရင်လိုပွဲရုံတွေဆီကနေ မျိုး၊ မြေဆီတွေယူပြီး စိုက်ပျိုးတာမျိုး မဟုတ်တော့ဘဲ ကိုယ်ပိုင် တစ် ပိုင်တစ်နိုင် စိုက်ပျိုးလာကြသလို မျိုးဆိုရင်လည်း ကိုရီးယားမျိုးတွေ ကို ပြောင်းလဲစိုက်ပျိုးလာကြပါ တယ်။ ထိုင်းဈေးကွက်မှာရော၊ ပြည်တွင်းဈေးကွက်မှာရော တင်ပို့ ဖို့က အလုံးကြီး ၈၅၅ ဖရဲအသီး တွေကို မကြိုက်ကြတော့ဘူး" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် မိုးဖရဲစိုက် ပျိုးခြင်းကို ဇူလိုင်လ၊ ဩဂုတ်လ များတွင် စတင်စိုက်ပျိုးပြီး စက် တင်ဘာလ၊ နိုဝင်ဘာလတွင် အသီးထွက်ရှိသည်။ ဆောင်းဖရဲ ကို နိုဝင်ဘာလတွင် စတင်စိုက် ပျိုးပြီး ဇန်နဝါရီလ၊ ဖေဖော်ဝါရီ လများတွင် အသီးထွက်ရှိသည်။

ပြည်တွင်းမှာ ဖရဲစိုက်ပျိုးခြင်း ကို နေပြည်တော်၊ မန္တလေး၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီးများတွင် အများဆုံးစိုက်ပျိုးပြီး တရုတ်နိုင်ငံ ဈေးကွက်သို့ တင်ပို့လေ့ရှိသော်လည်း ယခုအခါ ဖရဲစိုက်တောင် သူများလျှော့ကျလာကာ ထိုင်းနိုင်ငံ ဈေးကွက်သို့ မြဝတီ၊တာချီလိတ် လမ်းကြောင်းများမှ တင်ပို့လျက် ရှိရာ တစ်ဧက အကျိုးအမြတ် အနည်းဆုံးငွေကျပ် သိန်း ၃၀- သိန်း ၅၀ ခန့်ထိ အကျိုးအမြတ် ရရှိနေကြောင်း သိရသည်။



" ပြည်တွင်းဈေးကွက်မှာ အခြားသီးနှံ စိုက်ပျိုးထုတ်လုပ်တာ ထက် မိုးဖရဲစိုက်ပျိုးမှုက ပိုမို အကျိုးအမြတ်များပါတယ်။ မိုးဖရဲစိုက်တောင်သူတွေ တစ်ဧက စိုက်ပျိုးစရိတ် ငွေကျပ် ၁၀ သိန်း ခန့်ကုန်ကျပြီး ပြန်ရောင်းချရတာ က တစ်ဧက ငွေကျပ်သိန်း ၄၀ ကနေ သိန်း ၆၀ ထိ ပြန်ရပါ တယ်။ မိုးဖရဲအထွက်နှုန်းက ၁၀ တန် အနည်းဆုံးကနေ ၁၃ တန် ထိ ထွက်ရှိပါတယ်။ ပြည်တွင်း ဈေးကွက်မှာ အရည်အသွေးကောင်း အသီးတစ်တန်ကို ငွေကျပ် ၅- ၆ သိန်း ရောင်းချရပါတယ်။ ထိုင်းနိုင်ငံကို တင်ပို့တာက ဘတ် ငွေဈေးပေါ်မူတည်ပြီး ဈေးရပါ တယ်။ ထိုင်းနိုင်ငံကို တင်ပို့ရင် တော့ အကောင်းဆုံး ထိပ်စအသီး တွေပဲ တင်ပို့ပါတယ်။ လက်ရှိ ပြည်တွင်းမှာလည်း စားသုံးမှု အားကောင်းနေတော့ ဖရဲစိုက် တောင်သူတွေ အကျိုးအမြတ် ကောင်းကောင်း ရရှိနေပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်း မိုးဖရဲစိုက်ပျိုးမှု ကို တောင်သူများ ပြောင်းလဲ စိုက်ပျိုးလာရာ ဈေးကွက် ဈေး ကောင်းရရှိသည့် ကိုရီးယား မျိုး များ ဖြစ်သည့် Mekong 709၊ Black Jade 115 မျိုးတွေ တောင်သူအခေါ် (ဒုံးကျည်) မျိုး တွေကို အများဆုံး စိုက်ပျိုးကြ ကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## တက္ကသိုလ်အဆင့် အမျိုးသား ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အခြေခံပညာအဆင့် ဘင်ခရာပြိုင်ပွဲ ဖွင့်ပွဲနှင့် ပူဆယ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသား ၊ အမျိုးသမီးပူဆယ်အသင်းတို့အား အောင်နိုင်ရေးအလံပေးအပ်ပွဲ ကျင်းပ

**တောင်ကြီး ဩဂုတ် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ဩဂုတ် ၆ ရက် နံနက် ၈ နာရီက ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အခြေခံပညာအဆင့် ဘင်ခရာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပူဆယ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီးပူဆယ်အသင်းတို့အား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ ကွင်းအတွင်းသို့ နေရာယူပြီး စစ်ရေးပြမှုဦးဆောင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်အား အလေးပြုသည်။ (အောက်ပုံ)

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဟာ လူငယ်များရဲ့အခန်းကဏ္ဍ အရေးပါမှုကို ဖော်ထုတ်ပေးရန်နဲ့ လူငယ်များရဲ့ စိတ်အားထက်သန်မှု၊ ကြိုးစားအားထုတ်မှုတို့ကို မှန်ကန်တည့်မတ်စေဖို့ အားပေးရန် ရည်ရွယ်ကျင်းပတဲ့ နေ့တစ်နေ့ဖြစ်တဲ့အတွက် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို နေပြည်တော်၌ ကျင်းပသည့်နည်းတူ ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပြည်နယ်အဆင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် ပါဝင်သော တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ယခုလို လူငယ်များပါဝင်နိုင်တဲ့ အားကစားပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး ၂၀၂၄ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ပူဆယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး ပူဆယ်အသင်းများသို့ အောင်နိုင်ရေးအလံပေးအပ်ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

၎င်းနောက် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့မှ သရုပ်ပြသပြီး ပြိုင်ပွဲများ စတင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ တက္ကသိုလ်အဆင့် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း (၁၆)သင်း၊ အခြေခံ ပညာအဆင့် ဘင်ခရာပြိုင်ပွဲကို အခြေခံပညာကျောင်း (၁၀)ကျောင်းမှ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ (၃၆၈)



## ငါးမွေးတောင်သူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းပညာရပ်သင်တန်းပေးသွားမည်

**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းနည်းပညာရပ်သင်တန်းကိုပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး၊ သရက်ကုန်းငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နည်းပညာရပ်နှစ်မျိုးကို ငါးမွေးမြူရေး စိတ်ပါဝင်စားသည့် ငါးမွေးတောင်သူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေရေးအတွက် အဓိကထား ရည်ရွယ်ပြီး ပေးသွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ယင်းသင်တန်းများကို ယခုဩဂုတ်လအတွင်း ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမငါးမျိုးတို့ကို အခြေခံ ငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းကို သရက်ကုန်း ငါးလုပ်ငန်းစခန်းတွင် နှစ်ရက်ကြာဖွင့်လှစ်၍ အခမဲ့ သင်ကြားပေးသွားမည် ဖြစ်သည်။

"ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့ ငါးမွေးတောင်သူတွေကို သင်တန်းပေးသွားမှာပါ။ စနစ်တကျ မွေးမြူနိုင်ရေးအတွက်လည်း သင်တန်းပို့ချပေးတာပါ။ တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူတွေအတွက်ပါ။ ငါးမွေးတောင်သူတွေအပြင် တက္ကသိုလ်တွေက ကျောင်းသား၊ ကျောင်းသူတွေလည်း လာရောက်လေ့လာကြတဲ့အခါလည်း ရှင်းလင်းတင်ပြပေးပါတယ်။ သင်တန်းပေးသွားတဲ့အခါမှာလည်း ကိုဗစ်စည်းကမ်းနဲ့အညီ ပေးသွားမှာပါ။ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရဲ့ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားမှာပါ။ သင်ကြားပေးရာမှာလည်း သင်တန်းတစ်ခုကို ဦးရေ ၂၀ အထိလက်ခံပြီး ငါးမွေးတောင်သူများကို စာတွေ့၊ လက်တွေ့နည်းနဲ့ သင်ကြားပေးသွားမှာပါ။ နည်းပညာရပ်များပေးခြင်းကြောင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မယ့်အကျိုးကျေးဇူးတွေ ရရှိမှာပါ"ဟု ၎င်းက ရှင်းပြသည်။

ငါးမွေးတောင်သူများ ငါးမွေးမြူသည့်အခါတွင် ကျန်းမာသန်စွမ်းသည့် ငါးသားပေါက်၊ ငါးမျိုးစိတ်များကို မွေးမြူနိုင်စေရေးနှင့် ငါးမျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန်အတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းစသည့် နည်းပညာရပ်နှစ်မျိုးကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ငါးမွေးတောင်သူများ ရေချိုငါးမွေးမြူရေးကို စနစ်တကျမွေးမြူနိုင်စေရေး၊ ငါးအစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မိမိတို့ကိုယ်တိုင် ငါးသားဖောက်ထုတ်လုပ်နိုင်စေရေးကို ရည်ရွယ်၍ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)(ဝ၃၄)

## ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်လပြည့်မှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံပေး

**စဉ့်ကိုင် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ မြို့ပေါ်(၅)ရပ်ကွက်မှ အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီမှ စတင်၍ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အသက်နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များကို ဘီစီဂျီပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)ပိုလီယို ပြင်းထန်အဆုတ်ရောင်(ပီစီဗီ) ဝက်သက်ဂျိုက်သိုး၊ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါကာကွယ်ဆေးများကို အသက်အရွယ် အပိုင်းအခြားအလိုက် ထိုးနှံပေးရာတွင် ပုံမှန်ကာကွယ်ဆေးလာရောက်ထိုးနှံသော အသက်နှစ်လမှ တစ်နှစ်ခွဲအထိ ကလေးငယ် ၆၀ ဦးနှင့် မေးခိုင်ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်မိခင် ၁၂ ဦးတို့အား ထိုးနှံပေးခဲ့ကြကြောင်းနှင့် မြို့နယ်အနေဖြင့် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို လစဉ်လဆန်း ၁ ရက်မှ ၅ရက်အထိ ပုံမှန်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

၀-၀-၀-၀-၀-၀

## ပြည်ပမှစားအုန်းဆီတင်သွင်းမှုလျှော့ချပြီး ပြည်တွင်းထုတ်လုပ်မှုဖြင့် အစားထိုးရန် အရှိန်မြှင့်ဆောင်ရွက်နေ

ပြည်ပမှ စားအုန်းဆီ တင်သွင်းမှုလျှော့ချပြီး ပြည်တွင်းထုတ်လုပ်မှုဖြင့် အစားထိုးရန် လိုအပ်ချက်များကို အရှိန်မြှင့်ဆောင်ရွက်နေပြီး ၂၀၂၄ ခုနှစ်မတ်လမှစ၍ ပြည်တွင်းလိုအပ်ချက်၏ ၃၀ ရာခိုင်နှုန်းဖြစ်သည့် တန်ချိန် ၃၀၀၀၀ ဝန်းကျင် တင်သွင်းကြောင်း သိရသည်။

ပြည်ပက စားအုန်းဆီတင်သွင်းမှုကို တတ်နိုင်သမျှ လျှော့ချနိုင်အောင် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုကို အရှိန်မြှင့်ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်တွင်းမှာ အခြားသီးနှံတွေကို စားအုန်းဆီလို အရည်အသွေးရှိအောင် ထုတ်လုပ်နိုင်ပေမယ့် ဈေးကွက်မရရှိသေးတဲ့အတွက် မထုတ်လုပ်သေးတာပါ"ဟု ဆီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြည်တွင်း၌ အရည်အသွေးမီ စားအုန်းဆီများထုတ်လုပ်နိုင်သော်လည်း ဈေးကွက်ရရှိရန် လိုအပ်ခြင်းကြောင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်း၊ ပဲဆီ၊ နှမ်းဆီနှင့် အခြားသော ဆီထွက်သီးနှံများကို စားသုံးသူဈေးကွက်ဝင်အဆင့်ရောက်ရှိအောင် ထုတ်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံ၊ ဆီလုပ်ငန်းရှင်များအသင်းမှ စီစဉ်လျက်ရှိကြောင်း သိရသည်။

"၂၀၂၅ မှာ ပြည်ပက တင်သွင်းရတဲ့ စားအုန်းဆီတွေနေရာမှာ အစားထိုးလာနိုင်မယ်လို့ ဆိုတယ်။ ပြည်တွင်း စားသုံးမှုရဲ့ စားသုံးဆီလိုအပ်ချက်က တစ်လတန်ချိန် ၈၀၀၀၀ ဝန်းကျင် ရှိတယ်။ ၂၀၂၃ ခုနှစ်မှာ ထက်ဝက်လောက်လျှော့ချခဲ့ပြီး ဒီနှစ် မတ်လကစလို့ တစ်လကို တန်ချိန် ၃၀၀၀၀ ဝန်းကျင်ပဲ တင်သွင်းတယ်လို့သိရတယ်"ဟု ဆက်လက်ပြောကြားသည်။

စားအုန်းဆီဈေးကွက် တည်ငြိမ်ရေးနှင့် သင့်တင့်မျှတသော ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာမှ အပတ်စဉ် စားအုန်းဆီ လက်ကားရည်ညွှန်းဈေးထုတ်ပြန်ပေးလျက်ရှိပြီး ဈေးကွက်မတည်မငြိမ်ဖြစ်ရန် ရည်ရွယ်၍ သိုလှောင်ရောင်းချခြင်းများကို အရေးယူမှုများ လုပ်ဆောင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)



# အလှအပနှင့် ကျန်းမာရေးကဏ္ဍ



## ဆံပင်အဖျားနှစ်ခွဖြစ်စေတဲ့ အကြောင်းအရင်းများ

ဆံပင်ပျက်စီးရတဲ့အကြောင်းအရင်းတွေထဲမှာ ဆံပင်အဖျားနှစ်ခွဖြစ်တာတွေလည်းပါ ပါတယ်။ ဆံပင်အဖျားနှစ်ခွဖြစ်လာတဲ့အခါမှာ ဆံပင်အဖျားပိုင်းတွေက ခြောက်သွေ့ကြမ်းတမ်းလာပြီး ကြည့်လို့လဲမလှတော့ပါဘူး။ ဆံပင်ကောက်၊ ဖြောင့်၊ ဆေးဆိုးတာတွေကြောင့် ဆံပင်အဖျားနှစ်ခွဖြစ်တာမှန်ပေမယ့် ဆံပင်အဖျားနှစ်ခွဖြစ်စေတဲ့ အခြားအကြောင်းရင်းများစွာလည်း ရှိပါတယ်။ ဆံပင်ပုံသွင်းတဲ့အပူချောင်းတွေနဲ့ ဆံပင်လေမှုတ်စက်အပူနဲ့ ဆံပင်အရမ်းခြောက်အောင်မှုတ်ပါများရင်လည်း ဆံသားခြောက်လာပြီး အဖျားနှစ်ခွဖြစ်စေနိုင်ပါတယ်။ နေပူဒဏ်ကြောင့်လည်း ဆံသားခြောက်သွေ့ကြမ်းတမ်းပြီး ဆံသားနှစ်ခွဖြစ်စေနိုင်ပါတယ်။ ခပ်စိပ်စိပ်ခေါင်းဘီးနဲ့မကြာခဏ ဖြီးနေရင်လည်း အဖျားနှစ်ခွဖြစ်စေနိုင်ပါတယ်။ ဆံသားအားဖြည့်ပေးတဲ့ ပေါင်းဆေး၊ ပျော့ဆေးတွေကို ပုံမှန်မသုံးပေးရင်လည်း ဆံသားခြောက်သွေ့ကြမ်းတမ်းပြီး အဖျားနှစ်ခွဖြစ်စေနိုင်ပါတယ်။ ဆံပင်အဖျားနှစ်ခွဖြစ်နေရင် ပြန်ကောင်းသွားအောင်ပြုလုပ်လို့မရတာကြောင့် မဖြစ်အောင်ဘဲ ကြိုတင်ကာကွယ်မှုတွေပြုလုပ်နိုင်ပါတယ်။ ဆံပင်နှစ်ခွဖြစ်ပြီး ဆံပင်အဖျားတွေခြောက်သွေ့ကြမ်းတမ်းနေတယ်ဆိုရင် ညှပ်ပစ်လိုက်တာက ဆံသားကျန်းမာရေးအတွက်ရော ဆံပင်အလှအတွက်ပါ ပိုကောင်းပါတယ်။

Daisy




## နေပူဆာလှုံပေးခြင်း၏ အကျိုးကျေးဇူးများ

နေပူဆာလှုံတယ်၊ နေရောင်ခံတယ်ဆိုတာ အေးတဲ့အရပ်ဒေသမှာပဲ ပြုလုပ်လေ့ရှိကြပြီး နေရောင်ခံတယ်ဆိုတာ အနွေးဓာတ်ရဖို့နဲ့ ကြေးနီရောင်အသားအရေရဖို့ အတွက်ပဲ ပြုလုပ်ရတယ်လို့ အများစုက ထင်ကြပါတယ်။ တကယ်တော့ ဘယ်ရပ်ဒေသ၊ ဘယ်လိုရာသီဥတုမျိုးမှာပဲဖြစ်ဖြစ် နေပူဆာလှုံသင့်ပါတယ်။ နေရောင်ခြည်ဟာ အပူဓာတ်ကို ပေးတယ်ဆိုပေမယ့် မနက်အစောပိုင်းကနေ မနက် ၉ နာရီအထိ ရရှိတဲ့ နေရောင်ဟာ ကျန်းမာရေးအတွက် အလွန်ကောင်းစေပါတယ်။ ခုခေတ်မှာ ညဘက်နောက်ကျမှ အိပ်ပြီး မနက်ခင်းနေမြင့်သည်အထိအိပ်တတ်ကြပြီး နေရောင်ကို ရှောင်ကြဉ်ကြတာကြောင့် နေရောင်ခြည်ကနေရရှိတဲ့ vitamin D ဓာတ် လျော့နည်းလာကြပါတယ်။ မနက်အစောပိုင်း နေပူဆာလှုံပေးခြင်းအားဖြင့် vitamin-D ကိုရရှိစေပြီး အရိုးအဆစ်သန်စွမ်းကျန်းမာခြင်း၊ ကိုယ်ခံအားကောင်းမွန်ခြင်း၊ ဦးနှောက်ကျန်းမာရေးကို ကောင်းမွန်စေခြင်းအပြင် ခေါင်းကြည်၊ စိတ်ကြည်စေပါတယ်။ စိတ်ဖိစီးမှုများနေတာကိုလည်း သက်သာစေတဲ့အပြင် ညအိပ်မပျော်တာတွေကို သက်သာစေပါတယ်။ဒါ့အပြင် နေရောင်ခြည်ကြောင့် အားကစားပြုလုပ်တဲ့စွမ်းရည်ကို တိုးတက်စေသလို ဟော်မုန်းမညီမျှခြင်းကိုလည်း ထိန်းညှိပေးနိုင်ပါတယ်။ ဒါကြောင့် မနက်စောစောထဖြစ်တဲ့အခါမျိုးမှာ ၁၅ မိနစ်ခန့် နေပူဆာလှုံပေးကြပါလို့ အကြံပြုတိုက်တွန်းလိုက်ပါတယ်။

Daisy


## အရွယ်တင်နုပျိုစေမယ့် Diet

အရွယ်တင်နုပျိုဖို့ဆိုရင် skin care တွေချည်းပဲ ပြုလုပ်နေလို့မရပါဘူး။ အနေအထိုင်၊အစားအသောက်တွေပေါ်လည်း အများကြီးမူတည်ပါတယ်။ လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းက ကျန်းမာရေးအတွက်လည်းကောင်းစေတဲ့အပြင် အရွယ်တင်နုပျိုစေပါတယ်။ အစားအသောက်ကိုလည်း ဆီကြော်စာ၊ အဆီပြန်အစားအစာ၊ အချို၊ အငန်၊ အဆီအစိမ့်တွေနဲ့ အသင့်စားအစားအစာတွေကို စားနေရင်လည်း ရောဂါဖြစ်စေနိုင်ပြီး အချိန်မတိုင်မီ အိုမင်းရင့်ရော်စေနိုင်တာမို့ အစားအသောက်ကိုလည်း သတိထားပြီး စားပေးသင့်ပါတယ်။



အရွယ်တင်နုပျိုချင်တယ်ဆိုရင်တော့ ကစီဓာတ်၊ အချို၊ အငန်တွေကိုရှောင်ပြီး မနက်ခင်းဆိုရင် ပေါင်မုန့် (သို့မဟုတ်)ဟင်းသီးဟင်းရွက်တွေပါတဲ့ ခေါက်ဆွဲပြုတ်(သို့မဟုတ်)နံပြား၊သကြားလျှော့ထားတဲ့ ကော်ဖီ(သို့မဟုတ်) သစ်သီးဖျော်ရည်နဲ့ ပရိုတင်းအတွက် ကြက်ဥပြုတ်ကို စားသုံးပေးပါ။ နေ့ခင်းဘက်ဆိုရင်တော့ ထမင်းအနည်းငယ်နဲ့ ဟင်းရွက်များများ၊ နှစ်သက်ရာကြက်သား၊ အမဲသားနဲ့ ဟင်းရည်တစ်ခွက်နဲ့ စားနိုင်ပါတယ်။ နေ့လယ်စာစားပြီးသွားရင် အချိုတည်းတဲ့အနေနဲ့ သကြားများတဲ့ဖျော်ရည်၊ ကော်ဖီ၊ ဆီကြော်စာမုန့်တွေနဲ့ အချိုများတဲ့သရေစာတွေအစား သဘာဝသစ်သီးတွေ စားသုံးပေးနိုင်ပါတယ်။ ညစာကိုတော့ ဒိန်ချဉ်နဲ့ချိယာစေ့၊ ချောကလက်၊ စွန်ပလွံယို၊ ငှက်ပျောသီး၊ ထောပတ်သီး၊ အဆီထုတ်ထားတဲ့နွားနို့၊ အုတ်ဂျုံနဲ့ ဒိန်ချဉ်၊ ရာသီပေါ်သီးနှံ၊ ဆီနဲ့ဆားအချိုမှုန့်လျှော့ပြီး သုပ်ထားတဲ့ အသုပ်များစသည်ဖြင့် ကစီဓာတ်နည်းပါးပြီး အမျှင်ဓာတ်များများပါတဲ့ အစားအသောက်တွေကို စားသုံးနိုင်ပါတယ်။ အခုပြောပြသွားတဲ့ စားသောက်နည်းအတိုင်း နေ့စဉ်မစားနိုင်ဘူးဆိုရင်တောင်မှ တစ်ပတ်ကို အနည်းဆုံးတစ်ရက်က နေစပြီး တဖြည်းဖြည်းချင်း တစ်ပတ်ကိုနှစ်ရက်၊ တစ်ပတ်ကို သုံးရက် စသည်ဖြင့် ရက်တိုးပြီးစားသုံးပေးခြင်းဖြင့် ကျန်းမာစွာ ဝိတ်ကျစေတဲ့အပြင် အရွယ်တင်နုပျိုစေနိုင်တာမို့ စားကြည့်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။

Daisy




## တစ်လတစ်ခါ အူသန့်ရှင်းရေး လုပ်ကြမယ်

တစ်ကိုယ်ရေသန့်ရှင်းဖို့အတွက် နေ့စဉ်ရေချိုးပြီး သန့်ရှင်းရေးပြုလုပ်ကြပေမယ့် ခန္ဓာကိုယ်တွင်း သန့်ရှင်းဖို့အတွက်ကိုတော့ မေ့နေတတ်ကြပါတယ်။ ခန္ဓာကိုယ်တွင်းက အညစ်အကြေးတွေ သန့်စင်ဖို့အတွက် ဆီး၊ဝမ်း၊လေ၊ ချွေးတွေကနေတစ်ဆင့် စွန့်ထုတ်တာမျိုးရှိပေမယ့် အညစ်အကြေးနဲ့အပူအပုပ်တွေ မကုန်စင်နိုင်ပါဘူး။ ဒါကြောင့် အပူအပုပ်တွေ ထွက်သွားဖို့အတွက် အူသန့်ရှင်းရေးနဲ့ ကလီစာတွေကို အနားပေးဖို့ လိုအပ်ပါတယ်။

အချိန်တိုင်း အဆက်မပြတ် စားသောက်နေတဲ့ အစားအသောက်မျိုးစုံကြောင့် အူအတွင်းနဲ့ ကလီစာတွေက မနားတမ်းအလုပ် လုပ်ရတာဖြစ်ပြီး ဘယ်လောက်ပဲ စွန့်ထုတ်လိုက်တယ်ပြောပြော အူနံရံတွေမှာ အညစ်အကြေးတွေ ကပ်ငြိနေတတ်ပါတယ်။ ဒါကြောင့် အူအတွင်းပိုင်းကပ်ငြိနေတဲ့ အညစ်အကြေးတွေ ဖယ်ရှားဖို့အတွက် အူသန့်ရှင်းရေး လုပ်ရပါမယ်။ အူသန့်ရှင်းရေးလုပ်ဖို့အတွက်ဆိုရင်တော့ အရင်ဆုံးသကြားကိုဖြတ်ပြီးရင် အူနဲ့ကလီစာတွေ အနားပေးဖို့အတွက် ၂၄ နာရီလုံး ကစီဓာတ် အစားအစာ မစားဘဲ ဖြတ်ထားပေးပါ။ ရေဆာတဲ့အခါတိုင်း Detox water၊ green tea သောက်ပါ။ ဗိုက်ဆာလာရင်တော့ လိမ္မော်သီး၊ နာနတ်သီး၊ ဆန်းကစ်သီး၊ အချဉ်ဖောက်ထားတဲ့ အစားအစာများ၊ ကြက်ဥပြုတ်တွေကို အဆာခံရုံ စားပေးနိုင်ပါတယ်။ အရိုးပြုတ်ရည်ထဲ အရွက်ထည့်ပြီး စားနိုင်ပါတယ်။ ကော်လဂျင်နဲ့ ဒိန်ချဉ်တွေကို သောက်သုံးပေးနိုင်ပါတယ်။ ၂၄ နာရီပြည့်သွားပြီဆိုရင်တော့ ကစီဓာတ်အများကြီးပါတဲ့ ထမင်း၊ ဂျုံ၊ ခေါက်ဆွဲတွေအစား ဆန်ပြုတ်၊ ချိယာစေ့စိမ်ထားတဲ့ သစ်သီးဖျော်ရည်ကို အရင်သောက်ပေးပြီးနောက် တစ်ရက်တွင် စားနေကြအစားအသောက်ကို စားပေးပါ။ အခုပြောသွားတဲ့နည်းအတိုင်း အူရှင်းနိုင်သလို ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အခြားနည်းလမ်းတွေကိုလည်း အသုံးပြုနိုင်ပါတယ်။ တစ်လတစ်ခါပြုလုပ်ပေးခြင်းအားဖြင့် အူလမ်းကြောင်းက အပူအပုပ်တွေနဲ့ အညစ်အကြေးတွေ ကင်းစင်သွားတာကြောင့် နေထိုင်ရတာ ပေါ့ပါးသွက်လက်လာသလို ဝက်ခြံနဲ့ အပူဖု၊ အဆီဖုတွေ သက်သာစေတဲ့အပြင် ကျန်းမာရေးအတွက်လည်းကောင်းမွန်စေပြီး ဗိုက်ပူနေတာတွေကိုလည်း ချပ်သွားစေပါတယ်။

Daisy

## ဗိုက်ချပ်စေမယ့် အလွယ်ကူဆုံးလေ့ကျင့်ခန်း

ခန္ဓာကိုယ်က ပိန်ပေမယ့် ဗိုက်ပူနေလို့ပဲဖြစ်ဖြစ်၊ အဆီတက်ပြီး ဗိုက်ပူနေတာပဲဖြစ်ဖြစ် ဗိုက်ပူနေတယ်ဆိုရင် အဝတ်အစားဝတ်ရခက်ပြီး ကြည့်လို့လည်း အဆင်မပြေပါဘူး။ အဆီတက်စေမယ့်အစားအစာတွေ ရှောင်ပေမယ့် ဗိုက်အဆီမကျ၊ ဗိုက်ပူနေတယ်ဆိုရင်တော့ ဗိုက်ချပ်အောင် လေ့ကျင့်ခန်းလုပ်ပေးဖို့ လိုအပ်ပါတယ်။ အားကစားခန်းမတွေမှာသွားပြီး လေ့ကျင့်ခန်းမလုပ်နိုင်သူတွေအတွက် အဆီကျပြီး ဗိုက်ချပ်စေမယ့် အလွယ်ကူဆုံးလေ့ကျင့်ခန်းလုပ်နည်းကို ပုံနှင့်တကွ ဖော်ပြပေးလိုက်ပါတယ်။ လေ့ကျင့်ခန်း ခုနစ်မျိုးရှိပြီး တစ်မျိုးကို ၂၅ ကြိမ်၊ စုစုပေါင်း ငါးခေါက် ပြုလုပ်ပေးခြင်းအားဖြင့် ဗိုက်ချပ်ပြီး အဆီကျစေပါတယ်။




Daisy

## သတင်းပဒေသာ

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မွေးစမှ အသက် တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက တောင်ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပခဲ့ရာ ကလောခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကလောမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### ငှက်ပျောပက်၊ အင်ပက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး တိုက်ကျွေး၊ ထိုးနှံပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် အသက်(၅)နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက် ကျွေး၊ ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းဖွင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးက ကြီးမှူးဖွင့်လှစ်သော စီမံခန့်ခွဲရေး(၁)နှင့် စာရေးအဆင့်(၃)များ မွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

### ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းများကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက မိုင်းပျဉ်းမြို့ပေါ် ရပ်ကွက်(၃)ခုတို့တွင် လှည့်လည်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းနှင့် ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဩဂုတ် ၇**

မန္တလေး၊ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ စေတနာရှင်များက ဆွမ်းနှင့် ဆေးပဒေသာပင်လှူဒါန်းခြင်းများ ပြုလုပ်လျက်ရှိရာ ဩဂုတ် ၆ ရက်က အောင်မြေသာစံမြို့နယ် လမ်း၂၀၊ ၈၂လမ်းနှင့် ၈၃ လမ်းကြားနေ ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဟန်စောအား ရည်စူး၍ ဒေါက်တာနီနီအေး ဒေါက်တာမိုးသန့်တင်+ဒေါက်တာ စောသီရိဟန်၊ ဒေါက်တာစောရန်နိုင်+ ဒေါက်တာဖူးဖူးမြင့်လွင် (ဟန်ဆေးရုံ)မိသားစုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ကျပ် ၁၄ သိန်း၊ ကွယ်လွန်သူ (ဖခင်)ဦးခင်မောင်တာနှင့်(မိခင်) ဒေါ်တင်မေတို့အား ရည်စူး၍ (သမီး)ဒေါ်ဝင်းဝင်း၊ ဒေါ်ထွေးထွေးမာမိသားစုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ကျပ် ၆သိန်းတို့ကို လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်း၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့်အမှုဆောင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။



ကျောက်ကပ်သွေးသန့်စင်ရသော ဂိလာန သံဃာတစ်ပါးလျှင် တစ်ကြိမ် ငွေကျပ်၃၅၀၀၀ နှုန်းဖြင့် မိမိစိတ်ဆန္ဒအတိုင်း လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ) (ကဆ)

---

## ညောင်ဦးမြို့နယ်၌ ကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ်မည့် သူကောင်းတည်ကျေးရွာ စာကြည့်တိုက် ပန္နက်ရိုက်မင်္ဂလာ အခမ်းအနား ကျင်းပ

**ညောင်ဦး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်တွင် နိုင်ငံတော်အစိုးရမှ ပြည်သူများ အသိပညာဗဟုသုတများ တိုးပွားစေရေးနှင့် စာအုပ်၊ စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ဖြင့် တည်ဆောက်မည့် ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာ စာကြည့်တိုက်တည်ဆောက်မည့်မြေနေရာ ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၈ နာရီခွဲက သူကောင်းတည်ကျေးရွာပိုင် မြေနေရာစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာတွင် ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကျင်းပခဲ့သည်။

အဆိုပါ စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာပန္နက်ရိုက်မင်္ဂလာအခမ်းအနားသို့ ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဓာတ်ပုံကျွမ်းကျင်-၂ ဦးဝင်းထိန်၊ သူကောင်းတည်ကျေးရွာ ရပ်မိရပ်ဖ ဦးသန်းဇော်၊ ဦးတိုး၊ ဦးညွန့်မောင်တို့က စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာအား ပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖြန်းပေးကြသည်။

ညောင်ဦးမြို့နယ်တွင် ကျပ်သိန်း ၁၅၀ ဖြင့်ဆောက်လုပ်မည့် သူကောင်းတည်ကျေးရွာနတ်ပလင်ကျေးရွာနှင့် ကျပ်သိန်း ၅၀ ဖြင့် အဆင့်မြှင့်ပြန်လည်မွမ်းမံတင်မည့် လက်ပံခြေပေါ်ကျေးရွာ စာကြည့်တိုက်တို့ကိုလည်း ညောင်ဦးမြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီက အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ယာပုံ)

(၄၈၁)



---

## ပြဟ္မစိုရ်စာကြည့်တိုက်သို့ သုတရသစာအုပ်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂ လမ်း၊ ၃၂လမ်းနှင့်၃၃ လမ်းကြားရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းရှိ ဗြဟ္မစိုရ်စာကြည့်တိုက်သို့ သုတရသစာအုပ်များ ပညာရပ်ဆိုင်ရာ အင်္ဂလိပ်မြန်မာစာစာအုပ်များ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၆ ရက်က မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်အင်္ဂလိပ်စာဌာနပါမောက္ခ(ငြိမ်း) ဒေါက်တာမောင်မောင်ဦး +ဒေါ်ဝင်းဝင်းမော်မိသားစုက သုတရသစာအုပ်မျိုးစုံ ၆၄၄ အုပ် လာရောက်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မန္တလေးတက္ကသိုလ်မြန်မာစာဌာနပါမောက္ခ(ငြိမ်း)ဒေါက်တာမောင်မောင်လေးနှင့် ကြီးကြပ်မှုကော်မတီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

(အောက်ပုံ)

ဗြဟ္မစိုရ်စာကြည့်တိုက်ကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြီး ပညာရှာသူများကို သုတရသစာအုပ်များအား ငှားရမ်းပေးခြင်းနှင့် ရည်ညွှန်းစာအုပ်များကို စာကြည့်တိုက်တွင် ဖတ်ရှုနိုင်ရန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ကဆ)



---

## အောင်လံမြို့၌ အောက်ဆီဂျင်စက်နှင့် (၄၀)L အိုးကြီး (၁၀)လုံး ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**အောင်လံ ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ အောက်ဆီဂျင်စက်နှင့် (၄၀)L အိုးကြီး(၁၀)လုံးပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အောင်လံမြို့ပြည်သူ့ဆေးရုံကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အောင်လံခရိုင်စီမံကော်မတီဥက္ကဋ္ဌဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အောက်ဆီဂျင်စက်နှင့် (၄၀)L အိုးကြီး (၁၀)လုံး ပေးအပ်လှူဒါန်းပွဲနှင့် ပတ်သက်၍ ဥပါသကာများမှ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အောင်လံမြို့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်မှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဌာနဆိုင်ရာများနှင့်ဥပကာများမှ အောက်ဆီဂျင်စက်အား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ကဆ)



၀-၀-၀-၀-၀-၀

---

**မျက်စိလျှကြ မျက်ကြည်ရ မြတ်သည့် လှူဒါန ။**

# သဒ္ဓါကြည်ဖြူ မန်းရွှေမြို့ရဲ့ ဝါတွင်းအလှူ

ဦးနေဝင်း
ဗန္ဓုလ-(ကြေးသွန်း)

ဝါတွင်းချိန်ခါ မန္တလေးတစ်မြို့လုံးမှာလည်း ကုသိုလ်ကောင်းမှုပြုကြဖို့ စိတ်အားထက်သန်နေပါတယ်။ ဝါတွင်းကာလတွင် ဓမ္မာရုံများမှာ ဥပုသ်သီလဆောက်တည်ကြမယ့် သပ္ပုရိသနွယ်ဝင်သူတော်စင်တို့ သီလယူကြ၊ ဥပုသ်သီလကို မကျိုးမပေါက်အောင် စောင့်ထိန်းကြပြီး ယောဂီဝတ်စုံတွေနဲ့ ဘုရားကျောင်းကန် ဇရပ်တွေမှာ သွားရောက်နေကြတာ တွေ့နေရတာကြောင့် ဘာသာသာသနာအတွက် လွန်စွာမှ ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်မိပါတယ်။

ဝါဆိုလပြည့်နေ့မှစပြီး သီတင်းကျွတ်လပြည့်နေ့အထိကို ဝါတွင်းကာလအဖြစ် အစဉ်အလာရှိခဲ့ရာ ရဟန်းသံဃာတော်များသည်လည်း ဝိနည်းတော်နဲ့အညီ သီတင်းသုံးရာ ကျောင်းတိုက်များအတွင်းမှာပဲ ဝါဆိုဝါကပ် ပြုတော်မူကြတဲ့ အချိန်ကာလ ဖြစ်ပါတယ်။ ဝါဆိုတော်မူကြမယ့် ဝါဆိုဆရာတော် ရဟန်းသံဃာတော်များရှိရာ ကျောင်းတိုက်တွေမှာ ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကလည်း ဝါဆိုသင်္ကန်းနဲ့ လှူဖွယ်ဝတ္ထု၊ ပန်း၊ ဆီမီး၊ ဝါဆိုဖယောင်းတိုင်၊ အမွှေးတိုင် အစရှိတဲ့ လှူဖွယ်ပစ္စည်းတွေကို ဆက်ကပ်လှူဒါန်းကြတဲ့အခါ ဘုန်းတော်ကြီးကျောင်းများကလည်း ကြာဆံဟင်း၊ မုန့်ဟင်းခါး အာဟာရများ ပြန်လည်ကျွေးမွေး ဒါနပြုကြပါတယ်။

တန်ခူးလ၊ ကဆုန်လ၊ နယုန်လတွေမှာကတည်းက ရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာပွဲတွေကို ကျင်းပပြုလုပ် ကုသိုလ်ယူခဲ့ကြကာ ယခုဝါတွင်းကာလမှာလည်း ကုသိုလ်ထူးတွေ ရကြဦးမှာဖြစ်ပါတယ်။ ဝါတွင်းဥပုသ်နေ့မှာ လှူဒါန်းကြရတဲ့ ဒါနကုသိုလ်၊ ဆောက်တည်ကြရတဲ့ သီလကုသိုလ်၊ ပွားများအားထုတ်ကြရတဲ့ ဘာဝနာကုသိုလ်တရားတွေ ရရှိကြမှာ မလွဲဧကန်ပါပဲ။ ဗုဒ္ဓဘာသာဝင်တို့အနေနဲ့ ကုသိုလ်ပြုရေးမှာ စိတ်အားထက်သန်ကြပါတယ်။ ထပ်ခါထပ်ခါ လှူပြီးရင်း လှူရင်းပါ။ လှူဒါန်းပေးကမ်း စွန့်ကြဲကြတဲ့နေရာမှာ တင်းတိမ်ရောင့်ရဲမှုမရှိကြပါဘူး။ အားရကျေနပ်တယ်လို့ မရှိပါဘူး။ လှူဒါန်းဖို့ပဲ စဉ်းစားတတ်ပါတယ်။

ပြန်ပြောင်းသတိရစရာကောင်းတာကတော့ ဟိုး လွန်ခဲ့တဲ့နှစ်သုံးဆယ်ဝန်းကျင်လောက်ကပေါ့ မန္တလေးရွှေမြို့တော်ကြီးကလည်း မြင်းလှည်း၊ ဆိုက္ကားခေတ်က မကုန်သေးချိန် စပ်ကူးမတ်ကူး အခါကာလက ဆိုင်ကယ်တွေ အခုလောက်မများသေးတဲ့အချိန် ဆိုင်ကယ်တွေ ခေတ်စားကာစပြုနေပြီ။ သုံးဘီးကားတွေလည်း နယ်မြို့တွေဆီ မပို့ရသေးချိန်၊ စက်ဘီးမြို့တော် အခေါ်ခံရတဲ့ခေတ်ဆိုတော့ ဥဒဟိုစက်ဘီးစီးသွားလာကြတဲ့ မြို့သူ၊ မြို့သားတွေနဲ့ ခြေကျင်သွားလာကြတဲ့သူတွေ ခေါင်းရွက်ဈေးသည်တွေ ထီရောင်းတဲ့ကားတွေ၊ ကိုယ်ပိုင်ကားတွေ ရေခဲခြစ်သည် တွန်းလှည်း၊ မုန့်ဟင်းခါးသည်၊ အချဉ်ပေါင်းရောင်းတဲ့ တွန်းလှည်းတွေ စုံနေတာပဲ။ စည်ကားလိုက်တာ။ ဒီအထဲမှာ ဝါတွင်းအဖိတ်နေ့များမှာဆိုရင်တော့ တိုးမပေါက်အောင် ပျားပန်းခတ်မျှ သွားလာလှုပ်ရှား ရောင်းဝယ်နေကြတဲ့လူတွေကြားထဲ အရုဏ်တော်အဖွဲ့တွေကလည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာကြတာတွေ၊ သီလရှင်ဆရာလေးတွေကလည်း တန်းစီလို့ ဒါနဆန်အလှူခံနေကြတဲ့ မြင်ကွင်းတွေကို ဒီနေ့ထိတိုင် မျက်စိထဲမှာ စွဲထင်အမှတ်ရနေတုန်းပါပဲ။ အရုဏ်တော်အဖွဲ့တွေ သာသနာ့အလံတော်တွေနဲ့ ထီးဖြူတော် ကိုင်ဆောင်ကာ ရေးကျလှတဲ့ ယွန်းဆွမ်းအုပ်ကြီးတွေကို မှန်စီရွှေချ ဆိုင်းထမ်းပိုးထမ်းလို့ ကြေးစည်သံလေးတွေပေးကာ အတီးအမှုတ်လေးတွေနဲ့ အလှူခံထွက်ကြတာ တပျော်တပါးပါပဲ။ ဝတ်စုံလေးတွေကလည်း လည်ဂုတုံး၊ စတစ်ကော်လံအဖြူ ရုပ်အင်္ကျီရယ်၊ ပိတ်ဖြူပုဆိုးရယ် ဝတ်ဆင်ထားကြတော့ အရုဏ်အဖွဲ့ထဲမှာ ကလေးငယ်လေးတွေလည်း ပါကြတယ်။ ဖိုးသူတော်လေးတွေနဲ့ တူလွန်းလို့ သဘောကျမိပါတယ်။ ဆွမ်းဆန်တော်၊ သစ်သီး၊ ဖယောင်းတိုင်များနဲ့ အလှူငွေ ထည့်ဝင်လှူဒါန်းကြတဲ့သူတွေ၊ တချို့ကလည်း မုန့်ပဲသရေစာတွေ ကျွေးမွေးကြပါသေးတယ်။ ဒါတွေက ချစ်စရာ့မြင်ကွင်းတွေဖြစ်ပါတယ်။ ဥပုသ်နေ့မရောက်မီ နှစ်ရက်အလိုမှာ အလှူခံလှည့်ရှိပြီး အဝေးဖိတ်၊ အနီးဖိတ်လို့ ပြောကြတယ်။ တောအဖိတ်နေ့၊ မြို့အဖိတ်နေ့လို့လည်း ခေါ်ဆိုတတ်ကြပါတယ်။

နောက်ပိုင်း နှစ်အတန်ကြာမှာတော့ ခေတ်ပြောင်းလာတယ်လို့ဆိုရမှာပဲ။ ကာရာအိုကေသီချင်းခွေတွေ၊ CD စက်တွေ ပေါ်လာတော့ ဆောင်းဘောက်စ်ကြီးတွေ သုံးလာကြပြီး ဝါသနာရှင်တွေ အလှည့်ကျ သီချင်းသီဆို လာကြပြန်တော့ ဝါတွင်းကာလ အရုဏ်တော်အဖွဲ့တွေ ပိုမိုများပြားလာတယ် ထင်မိပါတယ်။ အလှူရေစက်လက်နှင့်မကွာ လှူလေ့ရှိကြတဲ့ မန်းရွှေမြို့သူ၊ ရွှေမြို့သားတွေကလည်း သဒ္ဓါတရားအပြည့်နဲ့ လှူတတ်ကြပါတယ်။ အရုဏ်တော်အဖွဲ့တွေကလည်း ရရှိလာတဲ့ အများကောင်းမှု အလှူတော်ငွေများကို မိမိတို့ရပ်ရွာမှာရှိတဲ့ ဓမ္မာရုံအတွက် တိုးတက်ရာ တိုးတက်ကြောင်း အကျိုးရှိရှိ အသုံးချကြပါတယ်။

မန္တလေးမြို့ရှိ ဘုရားစေတီများမှာ ဝတ်ရွတ်အဖွဲ့၊ ဥပသကာအသင်းအဖွဲ့များ၊ တံမြက်လှည်းအဖွဲ့၊ သန့်ရှင်းရေးအဖွဲ့၊ အရုဏ်တော်အဖွဲ့များ ရှိကြပြီး ပရဟိတအသင်းအဖွဲ့များလည်း ရှိကြပါတယ်။ မန္တလေးမြို့ လေးပြင်၊ လေးရပ်မှာရှိတဲ့ ဘုရားတွေမှာလည်း ဘုရားဖူးသူတွေနဲ့ အပြည့်ရှိတတ်ပါတယ်။ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ ဘုရားနီဘုရား၊ ရွှေကျီးမြင်ဘုရား၊ အောင်တော်မူဘုရား၊ မန္တလေးတောင်၊ ချမ်းသာကြီးဘုရား၊ အိမ်တော်ရာဘုရား၊ သကျသီဟဘုရား အစရှိတဲ့ ဘုရားစေတီတွေမှာ နီးစပ်ရာရပ်ကွက်များမှ ဘုရားဖူးသူတွေ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူကြကာ နေ့စဉ် ကုသိုလ်ယူနေကြပါတယ်။

ဝါတွင်းဥပုသ်နေ့ရောက်ပြီဆိုရင်တော့ နံနက် ၄ နာရီမှာ မန္တလေးမြို့ ကျက်သရေဆောင် မဟာမုနိဘုရားကြီး မျက်နှာသစ်တော် အမီ၊ ဖူးမြော်ကြဖို့ လာလိုက်ကြတာ ကြိတ်ကြိတ်တိုးမျှ ကြက်ပျံမကျ စည်ကားလှပါတယ်။ ကြည်နူးစရာမြင်ကွင်းတွေပါ။ နံ့သာသွေးကာ ကုသိုလ်ယူကြ၊ တံမြက်လှည်းကာ ကုသိုလ်ယူကြ၊ ပန်းရေချမ်း၊ ဆွမ်းတော်ကပ်ကြသူများလည်း အများအပြားတွေ့ပါ။

တစ်မြို့လုံးမှာရှိကြတဲ့ ရဟန်းရှင်လူ ပြည်သူများ ဘုရားစုံကို သွားရောက်ဖူးမြော်ကြတာ တွေ့မြင်ရတော့ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံနေတာမို့ မြင်ရသူတိုင်း ဘဝင်နှလုံး ချမ်းမြေ့ကြည်နူးကြရပါတယ်။ ဒီနေ့ခေတ်မှာတော့ ဆိုင်ကယ်တွေ၊ သုံးဘီးကားလေးတွေနဲ့ အဖွဲ့လိုက်လာကြသူတွေ တစ်သုတ်ပြီး တစ်သုတ် တွေ့လာရပြန်ပါတယ်။

ပျော်စရာကောင်းလှတဲ့ ဝါတွင်းအဖိတ်၊ ဥပုသ်နေ့များမှာဖြင့် မန္တလေးမြို့မှ သဒ္ဓါကြည်လင် ကုသိုလ်ရှင်များတို့ရဲ့ လှူဒါန်းမှုများကို သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါတယ်။

# သီချင်းမဆိုရမနေနိုင်တဲ့ နိုင်ငံကျော်အဆိုတော် ရီရီခင်

(၇-၈-၂၀၂၄)ရက် စာမျက်နှာ-၁၄ မှ အဆက်

ထိုရွှေမိုးငွေမိုးသီချင်းလေးကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသတိုင်း မန္တလေးအောင်တော်မူရပ်ရှိ တစ်ထပ်တိုက်ပုလေးအတွင်း၌ တစ်ကိုယ်တည်းနေထိုင်လျက်ရှိသော ခေတ်ဟောင်းအနုပညာရှင် အမျိုးသမီးကြီးတစ်ဦးသည် အိပ်ရာထဲလှဲနေရာမှ အသာထကာ မြတ်နိုးကြည်ဖြူစွာ နားထောင်နေလေ့ရှိသည်။ သူကား အခြားမဟုတ်။ ခေတ်ဟောင်းအဆိုတော်နှင့် ရုပ်ရှင်မင်းသမီးကြီး မေရှင်တည်း။

တစ်နေ့ သူ့အိမ်သို့ ရီရီခင်ရောက်သွားသောအခါ "ရီရီခင်ရဲ့ ရွှေမိုး ငွေမိုးသီချင်းလေးကို တီဗွီကလွှင့်ရင် အမေတော့မနေနိုင်ဘူး။ အိပ်ရာထဲကထပြီး အစအဆုံးထိုင်ကြည့်နေတာပဲ။ ကျက်သရေမင်္ဂလာ ရှိလွန်းလို့ပါ။ မနက်အိပ်ရာကနိုးလို့ ဒီသီချင်းလေးများ ကြားလိုက်ရရင် အဲ့ဒီနေ့တစ်နေ့လုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံသွားသလို အမေ့ရင်ထဲမှာ ခံစားရတယ်"ဟု ဝမ်းပန်းတသာ ပြောပြဖူးသည်။

ရီရီခင်၏အသံသည် ဆွဲဆိုသည့်အခါ လှိုင်းတွန့်ကလေးတွေ ပြေးသွားသလို တုန်ခါရိုက်ခတ်မှု အပြည့်ပါသည်။ သူမ၏အသံသည် နှုတ်ခမ်းဖျားမှ ထွက်လာသောအသံမဟုတ်။ လည်ချောင်းမှ ထွက်လာသော အသံလည်းမဟုတ်။ ရင်ထဲ အသည်းထဲမှ ထွက်လာသောအသံဖြစ်သည်။ သွေးသားထဲမှ လူးလွင့်လာသော ဂီတမှော်သံဖြစ်သည်။

သီဆိုသော သီချင်းစာသားများနှင့် အသံသည် လူအမျိုးမျိုး အလွှာအသီးသီးကို သွားရောက်ဆက်စပ် ခံစားစေနိုင်သည်။ ထိရှစေနိုင်စွမ်းရှိသည်။ အနုပညာဘက် ယိုင်လဲလာအောင် ဆွဲကိုင်လှုပ်ခတ်နိုင်သည်။

ရီရီခင်သည် ရေမြေတောတောင် သဘာဝကိုဖွဲ့ဆိုသော သီချင်းများ၊ ရိုးရာရနံ့ပါသောသီချင်းများ၊ လူ့သဘာဝကို ဖွင့်ချထားသည့် သီချင်းများ၊ အလွမ်းကိုဖွဲ့နွဲ့သော သီချင်းများ၊ သံဝေဂတေး၊ လွမ်းဆွတ်ကြေကွဲဖွယ် သီချင်းများ၊ ဘာသာရေး သီချင်းများ၊ ရုပ်ရှင်နောက်ခံ သီချင်းများ စသည်ဖြင့် အကြောင်းအရာစုံ သီချင်းမျိုးစုံကို သီဆိုခဲ့သည်။

သနားစဖွယ် အလွမ်းသီချင်းများသီဆိုရာတွင် နင့်နင့်နဲနဲ ရှိလှသည်။ သီဆိုပုံမှာ စူးနစ်လွန်းအားကြီး၍ တစ်ကယ်ပင် တုန်ခါငိုရှိုက် ဆိုနေသလားပင် ထင်ရသည်။ ရီရီခင်အသံမှာ ပင်ကိုယ်ကပင် အလွမ်းဓာတ်ငွေ့ဝေ့နေ၍ သီချင်းများက ပို၍အသက်ဝင်လာသည်။

ရီရီခင်သည် "သိင်္ဂီ" "မိုးကေသီ" "မြို့မ" "ရတနာပုံ" "တေးချစ်သူ" တီးဝိုင်းများတွင် သီဆိုခဲ့သည်။ ယင်းတို့အနက် "မိုးကေသီ" တီးဝိုင်းတွင် အများဆုံး သီဆိုခဲ့သည်။

မြို့မ ဦးဘိုခင်၊ နိုင်ငံကျော် စောင်း ဦးမြမောင်(အင်းလေး) စသူတို့ထံ ဂီတပညာများကို ဆည်းပူးခဲ့သည်။

ရီရီခင်သည် အသက် ၁၄ နှစ်အရွယ်မှစ၍ သီချင်းဆိုခဲ့သောကြောင့် ခေတ်ကာလအမျိုးမျိုးကို ကျော်လွှားခဲ့ရသည်။ ခေတ်တိုင်းပင် သီချင်းများဆို၍ အသံသွင်းခဲ့သည်။

ဓာတ်ပြားခေတ်မှပင် သူသီဆိုအသံသွင်းခဲ့သော သီချင်းအပုဒ်ပေါင်း ၅၀ခန့် ရှိပေလိမ့်မည်။ ကက်ဆက်ခေတ်ရောက်တော့ တစ်ကိုယ်တော်တေးစီးရီးရော၊ အခြားအဆိုတော်များနှင့်တွဲလျက်ပါ စီးရီးအခွေပေါင်း ၅၀ကျော်ထုတ်နိုင်ခဲ့သည်။ တီဗီခေတ်ရောက်လာပြန်တော့လည်း မြဝတီမှာရော မြန်မာ့ရုပ်မြင်သံကြားမှာပါ သီချင်းအပုဒ်ပေါင်း ၁၀၀လောက် သီဆိုရိုက်ကူးပေးခဲ့ပြီး ရုပ်ရှင်တေးများအဖြစ် မန္တလေးရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်သောဇာတ်ကားများတွင် အများဆုံးသီဆိုပေးခဲ့ရသည်ကိုသာ မှတ်မိတော့သည်။

တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့သော မိုးကေသီကား ယခုအခါ မရှိတော့။ မိုးကေသီမရှိတော့သော်လည်း မိုးကေသီ၏ အနုပညာမျိုးဆက်သစ်အဖြစ် ခေတ်နှင့်အညီ ဖွဲ့စည်းဖျော်ဖြေလျက်ရှိသော "ရီရီခင် ခေတ်ပေါ်တေးဂီတ" အဖွဲ့ကား ယနေ့တိုင် မန္တလေးတွင် အောင်ပွဲခံနေဆဲ။ မန္တလေးပိုက်ကျုံးရပ်တွင် နေထိုင်လျက်ရှိသော အဆိုတော်ရီရီခင်ကိုယ်တိုင်လည်း ထိုတေးဂီတစင်မြင့်ပေါ်မှနေ၍ ချစ်ပရိသတ်များအား ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးနေဆဲ။ တေးချစ်သူများကလည်း အိမ်မက်လှလှမက်နေဆဲ။

ဤဆောင်းပါးရေးနိုင်ရန် ကူညီကြသော နိုင်ငံကျော်အဆိုတော် ရီရီခင်နှင့် မုခမဂ္ဂဇင်းပါ စာပိုဒ်များကို ယူသုံးခွင့်ပြုသော စာရေးဆရာ မောင်မောင်(ဥပဒေ)တို့ကို ကျေးဇူးတင်ပါသည်ဟု ပြောကြားရင်း ၂၀၂၄ခုနှစ် ဩဂုတ်လ ၁၃ ရက်မှာ ကျင်းပမည့် နိုင်ငံကျော် အဆိုတော် ရီရီခင်၏ အသက်(၇၅)နှစ်ပြည့် စိန်ရတုပွဲကို ဤဆောင်းပါးဖြင့် ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။

တက္ကသိုလ်တေဇာလင်း

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(ခ)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၉၇/ပုသိမ်ကြီး)၊ဦးပိုင်အမှတ်/မြေကွက်အမှတ်(ခ/၄၀၀)၊ ဧရိယာ (၀ ဒသမ ၀၂၈)ဧကရှိ မြေနေရာအား ဦးဇော်မင်းထွန်း၊ ဒေါ်မိုးသူဇာ အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ ဘောဂရန်အမှုတွဲအမှတ်(4012/1992-1993) အရ(၉-၇-၁၉၉၂)ရက်မှ (၈-၇-၂၀၂၂)ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး ဦးဇော်မင်းထွန်း၊ ဒေါ်မိုးသူဇာတို့၏ကိုယ်စား ဒေါ်ဝင်းလင်းဌေး(ဘီလစ်)အရာရှိ၊ ပုသိမ်ကြီးမြို့နယ်တရားရုံးထံမှ ဒေါ်မြမွေးသည် ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်မြမွေး(၉/ဝတန(နိုင်)၁၀၀၄၃၂)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၉၃/သရက်ကုန်းအရှေ့)၊ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၀/၁၇၆)၊ ဧရိယာ(၀ ဒသမ ၂၇)ဧကရှိ မြေနေရာအား ဦးအောင်ကျော်(၉/ပသက(နိုင်)၀၃၇၅၁၉) အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရုံးအမှုတွဲအမှတ်(၁၀၉/၂၀၁၆-၂၀၁၇)၊ ဂရန်စာချုပ်အမှတ်(၁၁၂/၂၀၁၇-၂၀၁၈)အရ (၁၂-၁၂-၂၀၁၇)ရက်မှ (၁၁-၁၂-၂၀၂၇)ရက်အထိ နှစ်တို(၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပြီး ဦးအောင်ကျော်ထံမှ ဦးအောင်ကျော်သိန်းသည် ဧရိယာ(၀ ဒသမ ၂၇)ဧက အနက် ဧရိယာ (၀ ဒသမ ၀၃)ဧကအား ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးအောင်ကျော်သိန်း (၉/ပသက(နိုင်)၀၀၂၇၂၄) အမည်ဖြင့် မြေငှားဂရန်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း ချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ပုသိမ်ကြီးမြို့နယ်၊ရန်ကင်းအောင်ရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည်(၄၉၈-က/ကျီကုန်း)၊ဦးပိုင်အမှတ်/မြေကွက်အမှတ်(၃၅၉+၃၆၀)၊ ဧရိယာ(၀ ဒသမ ၁၁)ဧကရှိ မြေနေရာအား ဦးသန်းထွန်း အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ ဘောဂရန်အမှုတွဲအမှတ်(228/1989-1990)အရ(၂၈-၂-၁၉၉၀)ရက်မှ(၂၇-၂-၂၀၂၀)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး ဦးသန်းထွန်းနှင့် ဇနီးဖြစ်သူ ဒေါ်ခို့င်အိုလက်လူ၊ သားဖြစ်သူ ဦးမျိုးဝင်းတို့သည် အသီးသီး ကွယ်လွန်သွားခဲ့ကြပါသဖြင့် အတူနေ ဦးလေးဖြစ်သူ ဦးစောဝီး(လ်)ဖရက်(ခ)ဦးစောဝိဖက်လူမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ် ချုပ်ဆိုခဲ့ပြီး ဦးစောဝီး(လ်)ဖရက်(ခ)ဦးစောဝိဖက်လူထံမှ ဒေါ်နိုင်စာမျိုးထွန်းသည် ဧရိယာ (၀ ဒသမ ၁၁)ဧကအနက်မှ ဧရိယာ (၀ ဒသမ ၀၅၅)ဧကအား ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်နိုင်စာမျိုးထွန်း(၉/အမဇ(နိုင်)၀၀၀၅၆၉) အမည်ဖြင့် မြေငှားဂရန်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုးချထားပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက နိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၅၉-က/အုန်းချောအရှေ့)၊ဦးပိုင်အမှတ်/မြေကွက်အမှတ်(ဂ/၉၉)၊ ဧရိယာ (၀ ဒသမ ၀၃၈၅)ဧကရှိ မြေနေရာအား ဦးဝင်းနိုင်(၉/တတဥ(နိုင်)၀၄၄၆၈၄) အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရုံးအမှုတွဲအမှတ်(၆၄/၂၀၁၆-၂၀၁၇)၊ဂရန်စာချုပ်အမှတ်(၃၃/၂၀၁၆-၂၀၁၇)အရ (၂၃-၈-၂၀၁၆)ရက်မှ (၂၂-၈-၂၀၂၆)ရက်အထိ နှစ်တို(၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပြီး ဦးဝင်းနိုင်၊ဒေါ်မြင့်မြင့်သန်းတို့ (၂)ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဦးငြိမ်းချမ်းထံမှ ဒေါ်ရင်ရင်သည် ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်ရင်ရင်(၉/မခန(နိုင်)၀၆၆၃၂၄)အမည်ဖြင့် မြေငှားဂရန်၊ အမည်ပြောင်း ချထားပေးပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ပုသိမ်ကြီးမြို့နယ်၊စည်သာယာရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည်(၄၉၇/ပုသိမ်ကြီး)ဦးပိုင်အမှတ်/မြေကွက်အမှတ်(စ/၇၉၀+၇၉၁)၊ ဧရိယာ (၀ ဒသမ ၁၁)ဧကရှိ မြေနေရာအား ဦးကျော်ငြိမ်း အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရုံးအမှုတွဲအမှတ်(၄/၂၀၀၃-၂၀၀၄)၊ဂရန်စာချုပ်အမှတ်(၁၃/၂၀၀၅-၂၀၀၆)အရ (၃၁-၅-၂၀၀၅)ရက်မှ (၃၁-၅-၂၀၂၃)ရက်အထိ နှစ်(၃၀)မြေငှားဂရန်အား(မူလသက်တမ်းအတိုင်း)ရရှိခဲ့ပြီး ဦးကျော်ငြိမ်း၏ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဦးငြိမ်းဝင်းထွန်းထံမှ ဒေါ်မိုးစုကြည်သည် ဧရိယာ (၀ ဒသမ ၁၁)ဧကအနက်မှ ဧရိယာ (၀ ဒသမ ၀၅၅)ဧကအား ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်မိုးစုကြည်(၉/အမဇ(နိုင်)၀၂၀၇၅၀)အမည်ဖြင့် မြေငှားဂရန်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး ချထားပေးပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၅၈/ကုလားမတောင်ကွင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၇၁၉/၁)၊အမှတ်ပြဧရိယာအတွင်း ဧရိယာ(၂ ဒသမ ၃၅)ဧကရှိ မြေနေရာအား ဦးမျိုးလှိုင်ဦး(၉/မနမ(နိုင်)၀၉၇၉၀၁)အမည်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၅-၅-၂၀၁၉)ရက်စွဲပါစာအမှတ် ၁၅/လယ-၃၀(၁၈၅/၂၀၁၉)အရ သက်မွေးပညာရပ်သင်ကြားရေးကျောင်း မြေနေရာအဖြစ် အသုံးပြုရန်အတွက် လယ်မြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့ပြီး ဦးမျိုးလှိုင်ဦးထံမှ ဦးအေးမင်းစိုး၊ ဒေါ်သွယ်သွယ်ဝင်းတို့ (၂)ဦးသည် ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်လက်ရောက်လွှဲပြောင်းရောင်းချသည့် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးအေးမင်းစိုး(၉/မနမ(နိုင်)၀၉၈၈၁၇)၊ဒေါ်သွယ်သွယ်ဝင်း(၉/မခန(နိုင်)၀၀၅၉၉၇)တို့(၂)ဦးအမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အသစ်ချထားပေးနိုင်ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၅၇/ထုံးဘိုကွင်း)၊ဦးပိုင်အမှတ်/မြေကွက်အမှတ်(၃၂)၊ ဧရိယာ (၀ ဒသမ ၀၅၂)ဧကရှိ မြေနေရာအား ဦးထွန်းကြည် အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ ဘောဂရန် အမှုတွဲအမှတ်(1691/1990-1991)အရ(၂၀-၉-၁၉၉၀)ရက်မှ (၁၉-၉-၂၀၂၀)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး ဦးထွန်းကြည်၏ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဒေါ်နိုင်မာသိန်းဌေးထံမှ ဒေါ်အေးအေးသည် ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် ဧရိယာ(၀ ဒသမ ၀၅၂)ဧကအနက်မှ လမ်းနယ်နှင့် လွတ်ကင်းဧရိယာ (၀ ဒသမ ၀၄၈)ဧကရှိ မြေနေရာအား ဒေါ်အေးအေး(၁၃/ကခန(နိုင်)၀၆၄၁၀၆)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၅၇)၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သီသီထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းလဲ့ရည်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၂၂၃)**
**အကွက်အမှတ်(ထထ–၃၂/၁၀)၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၀၉၁၁၀၉၈**

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(က)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(က/၉၆)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဒေါ်ချိုချိုအောင် အမည်ဖြင့် ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ ဘောဂရန်အမှုတွဲအမှတ်(2941/1990-1991)အရ (၂၇-၇-၂၀၂၀)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး ဒေါ်ချိုချိုအောင်ထံမှ ဒေါ်အေးအေးသင်းသည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး ထပ်မံ၍ ဒေါ်အေးအေးသင်းထံမှ ဦးစည်သူဝင်းသည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံး၌ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးစည်သူဝင်း (၅/ဝလန(နိုင်)၁၀၇၇၃၇) အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ပုသိမ်ကြီးမြို့နယ်၊စည်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၇/ပုသိမ်ကြီး)၊ဦးပိုင်အမှတ်/မြေကွက်အမှတ်(စ/၆၅၇)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဦးလှဆောင်မှ အစဉ်တစိုက်နေထိုင်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေနေရာအား ဦးလှဆောင်(၅/ဟမလ(နိုင်)၀၂၆၁၄၄) အမည်ဖြင့် မြေငှားဂရန်အသစ်ခွင့်ပြုချထားပေးနိုင်ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ပုသိမ်ကြီးမြို့နယ်၊သုခမင်္ဂလာ(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈/သစ်ချိုကုန်း)၊ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁/၃၀)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဦးမြင့်လွင်မှ အစဉ်တစိုက်နေထိုင်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေနေရာအား ဦးမြင့်လွင်(၉/မသန(နိုင်)၀၀၆၇၃၇)အမည်ဖြင့် မြေငှားဂရန်အသစ်ခွင့်ပြုချထားပေးနိုင်ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၃/သရက်ကုန်းအရှေ့ကွင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၃၁)၊ ဧရိယာ(၃ ဒသမ ၀၀)ဧကရှိ မြေနေရာအား ဦးညီညီ(၁၃/လရန(နိုင်)၀၆၉၇၃၂) အမည်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၇-၈-၂၀၂၀)ရက်စွဲပါ စာအမှတ် (၁၅/လယ-၃၀(၂၅၇/၂၀၂၀)အရ သီးနှံသိုလှောင်ရုံ မြေနေရာအဖြစ် အသုံးပြုရန်အတွက် လယ်မြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးညီညီ(၁၃/လရန (နိုင်)၀၆၉၇၃၂)အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်အသစ်ချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၅၉-က/အုန်းချောအရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၀၉)၊ ဧရိယာ(၀ ဒသမ ၁၅၆)ဧကရှိ မြေနေရာအား ဦးဝင်းနိုင်(၉/တတဥ(နိုင်)၀၄၄၆၈၄) အမည်ဖြင့် မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရုံးအမှုတွဲအမှတ်(၉၀/၂၀၁၆-၂၀၁၇)၊ ဂရန်စာချုပ်အမှတ်(၅၅/၂၀၁၆-၂၀၁၇)အရ (၉-၁-၂၀၁၇)ရက်မှ (၈-၁-၂၀၂၇)ရက်အထိ နှစ်တို(၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပြီး ဦးဝင်းနိုင်၊ ဒေါ်မြင့်မြင့်သန်းတို့ (၂)ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဦးငြိမ်းချမ်းထံမှ ဒေါ်ရင်ရင်သည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်ရင်ရင်(၉/မခန(နိုင်)၀၆၆၃၂၄)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ရန်ကင်းသာယာ(က)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(က/၉၈)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဦးဝင်းမောင် အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ ဘောဂရန်အမှုတွဲအမှတ်(152/1990-1991)အရ (၁၀-၆-၂၀၂၀)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး ဖခင်ဖြစ်သူ ဦးဝင်းမောင်သည် ကွယ်လွန်သွားခဲ့ပါသဖြင့် သားသမီးများဖြစ်ကြသော ဦးသောင်းလွင်၏(အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဒေါ်နှင်းမြင့်မြင့်အေး)၊ဒေါ်စန်းစန်းဝင်း၊ ဒေါ်ရီရီဝင်း၊ဒေါ်လှလှဝင်း၏(အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်စိုးမိုး)၊ဒေါ်အေးသန်းဝင်း၊ ဦးစန်းလွင်ဝင်းတို့ မောင်နှမ(၆)ဦးမှ ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံး၌ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ် ချုပ်ဆိုခဲ့ကြပြီး အဆိုပါမြေအား ဒေါ်လှလှဝင်းအား ပေးအပ်မည်ဖြစ်သဖြင့် ဦးသောင်းလွင်ပါ မောင်နှမ(၅)ဦးတို့မှ စွန့်လွှတ်စာတမ်းစာချုပ် ချုပ်ဆိုခဲ့၍ တရားဝင်အပြီးအပိုင် စွန့်လွှတ်ပေးအပ်ခဲ့သဖြင့်ရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်လှလှဝင်း(၉/အမရ(နိုင်)၀၀၉၉၂၉)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ချထားပေးပါရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက နိုင်လုံသော သက်သေအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

## အသက်သည် သွေး၊ သွေးသည် အသက် ။

## ဖြည့်စွက်ဖတ်ရှုပါရန်

၂၈-၇-၂၀၂၄ရက်၊ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၂၃)၏ ကြော်ငြာစာနှင့် စာမျက်နှာ (၂၀)၊ ဂရန်မြေကြော်ငြာစာ၊ စဉ်(၃၆)တို့တွင် အကွက်အမှတ်(ညည-၅၈)၊ ဦးပိုင်အမှတ်(၂၉)၏ အမည်ပြောင်းလျှောက်ထားမှုအစား သက်တမ်းတိုး၊အမည်ပြောင်းဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၃/သရက်ကုန်းအရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၀/၁၇၆)၊ ဧရိယာ(၀ ဒသမ ၂၇) ဧကရှိ မြေနေရာအား ဦးအောင်ကျော်(၉/ပသက(နိုင်)၀၃၇၅၁၉)အမည်ဖြင့် မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရုံးအမှုတွဲအမှတ်(၁၀၉/၂၀၁၆-၂၀၁၇)၊ ဂရန်စာချုပ်အမှတ်(၁၁၂/၂၀၁၇-၂၀၁၈)အရ (၁၂-၁၂-၂၀၁၇) ရက်မှ (၁၁-၁၂-၂၀၂၇)ရက်အထိ နှစ်တို(၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပြီး ဦးအောင်ကျော်ထံမှ ဒေါ်နွယ်နွယ်သည် ဧရိယာ(၀ ဒသမ ၂၇)ဧက အနက် ဧရိယာ(၀ ဒသမ ၁၇)ဧကအား ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်နွယ်နွယ်(၉/ပသက(နိုင်)၀၃၇၅၆၀) အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ကို လက်ခံတွေ့ဆုံ




နေပြည်တော် ဩဂုတ် ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP ) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် Mr. Titon Mitra ကို ယနေ့ နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (United Nations Development Programme – UNDP) တို့အကြား လက်ရှိပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၇

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန် (Mr. Mongkol Visitstump) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ BIMSTEC ဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ထိုင်းနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၃၇ /၂၀၂၄
၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း (၆-၁၂-၂၀၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၃) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် (၈-၈-၂၀၂၄) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သန်းသန်းဆွေ
ဥက္ကဋ္ဌ

# ၂၀၂၄ ပါရီ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အမေရိကန်အသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်

ပါရီ ဩဂုတ် ၇

၂၀၂၄ ပါရီ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အမေရိကန်အသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အမေရိကန်အသင်းသည် အိုလံပစ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ဗိုလ်လုပွဲသို့ ၆ ကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဘရာဇီးအသင်းမှာမူ အိုလံပစ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ဗိုလ်လုပွဲသို့ ၃ ကြိမ်မြောက်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်အသင်းနှင့် ဘရာဇီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုတွင် အမေရိကန်အသင်းကသာ ရာနှုန်းပြည့် အနိုင်ရရှိထားသည်။

၂၀၂၄ ပါရီ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၀ ရက် မြန်မာစံတော်ချိန် ည ၉ နာရီ ၃၀ မိနစ်တွင် အမေရိကန်အသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး မည်သည့်အသင်းက ချန်ပီယံဆုအား ရယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည့် ပွဲစဉ်တစ်ပွဲပင်ဖြစ်သည်။

(NGB)

0-0-0-0-0

